ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ကျား / မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍမြှင့်တင်ရေးဆိုင်ရာမူဝါဒ

၂၀၁၉–၂၀၂၂



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ကျား / မ တန်းတူညီမျှရေးနှင့်
# အမျိုးသမီးများကဏ္ဍမြှင့်တင်ရေးဆိုင်ရာမူဝါဒ

၂၀၁၉-၂၀၂၂

Australian Aid　UKaid　USAID FROM THE AMERICAN PEOPLE　IFES

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၏ အမှာစကား



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကျား/မတန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍ မြှင့်တင်ရေးဆိုင်ရာမူဝါဒကို ရေးဆွဲနိုင်ခဲ့သည့်အတွက် အထူးဝမ်းမြောက်မိပါသည်။ ဤမူဝါဒသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂) တွင် ပါရှိသည့် လိုက်နာဆောင်ရွက်ရမည့် အခြေခံမူများ၊ ရည်မှန်းချက်ပန်းတိုင်များနှင့်အညီ ရေးဆွဲထားခြင်းဖြစ်ပြီး ကျား/မတန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍမြှင့်တင်ရေးကို တည်ဆဲဥပဒေနှင့်အညီ ကော်မရှင် အဆင့်ဆင့်တိုင်းတွင် ထည့်သွင်းဆောင်ရွက်နိုင်ရန်ရည်ရွယ်ပါသည်။

အားလုံးပါဝင်နိုင်သော၊ ပွင့်လင်းမြင်သာမှုရှိသော၊ အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲလုပ်ငန်းစဉ် ဖြစ်ပေါ်စေရေးအတွက် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များတွင် အမျိုးသား၊ အမျိုးသမီးနှင့် အခြားလိင်ဝိသေသကွဲပြားသူများ အားလုံးပါဝင်ဆောင်ရွက်နိုင်ခြင်းမှာ မရှိမဖြစ်လိုအပ်သည်ဟု ကော်မရှင်အနေဖြင့် ယုံကြည်လက်ခံထားပါသည်။ ကော်မရှင်အနေဖြင့် ဒီမိုကရေစီလုပ်ငန်းစဉ်များ တိုးတက်ဖြစ်ထွန်းလာရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင်တိုးတက်မှုများ ရရှိထားသည့်အလျောက် ပြည်သူအားလုံး အဓိပ္ပာယ်ပြည့်ဝစွာပါဝင်လာစေရေးသည် အရေးပါသောခြေလှမ်းဖြစ်ပါသည်။ ယင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၈ နှင့် ၁၉၉၇ ခုနှစ်တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခဲ့သည့် အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးကုလသမဂ္ဂသဘောတူစာချုပ်(**CEDAW**)တို့နှင့်အညီဆောင်ရွက်ခြင်းလည်း ဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အများယုံကြည်လက်ခံသည့် လွတ်လပ်၍အမှီအခိုကင်းသော အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်ကြိုးပမ်းဆောင်ရွက်ရာတွင် တိုးတက်မှုများစွာရရှိခဲ့ပြီးဖြစ်သော်လည်း အမျိုးသမီးများကဏ္ဍမြှင့်တင်ခြင်းနှင့် ကျား/မတန်းတူညီမျှရေးကဏ္ဍတို့တွင် အောင်မြင်မှုများ ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေပါသည်။

ရွေးကောက်ပွဲစီမံခန့်ခွဲမှုလုပ်ငန်းစဉ်အဆင့်ဆင့်တွင် အမျိုးသမီးများပိုမိုပါဝင်လာနိုင်ရေးသည် အရေးပါသောအခန်းကဏ္ဍတစ်ခုဖြစ်ကြောင်းကော်မရှင်အနေဖြင့် အသိအမှတ်ပြုထားပြီး အမျိုးသမီးများအနေဖြင့် မိမိ၏အရည်အချင်းနှင့်အညီ လွတ်လပ်မှုတစ္စာ နိုင်ငံရေးအခန်းကဏ္ဍတွင် ပါဝင်နိုင်စေရန် ရည်ရွယ်၍ ဤမူဝါဒကို ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။

ကော်မရှင်သည် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ကျား/မ တန်းတူညီမျှရေးကို အခန်းကဏ္ဍတစ်ရပ်အဖြစ် ထည့်သွင်းစဉ်းစားခြင်းဖြင့် အမျိုးသမီး၊ အမျိုးသားနှင့် အခြားလိင်ဝိသေသကွဲပြားသူများအားလုံးအနေဖြင့် မဲဆန္ဒရှင်အဖြစ်လည်းကောင်း၊ ကိုယ်စားလှယ်လောင်းအဖြစ်လည်းကောင်း၊ ရွေးကောက်ခံကိုယ်စားလှယ်အဖြစ်လည်းကောင်း အပြည့်အဝပါဝင်ခွင့် ရရှိစေရန်ဆောင်ရွက်လျက်ရှိပြီး တစ်ဖက်တွင်လည်း ကျား/မတန်းတူညီမျှရေးအား ကဏ္ဍအားလုံးတွင်ပါဝင်လာစေရေးကို ကော်မရှင်၏ရည်ရွယ်ချက်များအနက်မှ တစ်ခုအဖြစ် ဖော်ဆောင်လျက်ရှိပါသည်။

ဤကျား/မတန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍမြှင့်တင်ရေးဆိုင်ရာမူဝါဒကိုရေးဆွဲသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကျား/မတန်းတူညီမျှရေးလုပ်ငန်းအဖွဲ့နှင့် **IFES** အဖွဲ့ကိုလည်းကောင်း၊ ကူညီပံ့ပိုးပေးသော အလှူရှင်အဖွဲ့အစည်းများကိုလည်းကောင်း ကျေးဇူးတင်ရှိပါသည်။

ဤမူဝါဒသည် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ ခွဲအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်လျက်ရှိသောဝန်ထမ်းများအတွက် ကျား/မ တန်းတူညီမျှရေးကို မြှင့်တင်ဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုစေမည်ဖြစ်ပါသည်။ ကော်မရှင်အနေဖြင့် လာမည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲအား ပွင့်လင်းမြင်သာမှုရှိစွာ၊ အဆင်ပြေချောမွေ့စွာကျင်းပနိုင်ရန်အတွက် မဲဆန္ဒရှင်ပြည်သူလူထု၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာနှင့် နိုင်ငံတကာအဖွဲ့အစည်းများအားလုံး၏ ပူးပေါင်းပါဝင်မှုကို ကြိုဆိုလျက်ရှိပါသည်။

ဦးလှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မာတိကာ


| | | |
|---|---|---|
| နိဒါန်း | | ၁ |
| ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မူဝါဒလမ်းညွှန်ချက်များ နှင့် ကတိကဝတ်များ | | ၃ |
| မူဝါဒအကောင်အထည်ဖော် ဆောင်ရွက်မှုအစီအစဉ် | | ၇ |
| မဟာဗျူဟာအခန်း (၁) | ဥပဒေရေးရာမူဘောင်နှင့် လွှတ်တော်ဆက်ဆံရေး | ၇ |
| မဟာဗျူဟာအခန်း (၂) | ဝန်ထမ်းများ၏ ကျွမ်းကျင်မှုစွမ်းရည်မြှင့်တင်ဆောင်ရွက်ရေး | ၈ |
| မဟာဗျူဟာအခန်း (၃) | ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း | ၈ |
| မဟာဗျူဟာအခန်း (၄) | ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများ | ၈ |
| မဟာဗျူဟာအခန်း (၅) | ပြည်သူလူထုနှင့် မဲဆန္ဒရှင်အသိပညာပေးခြင်း | ၉ |
| မဟာဗျူဟာအခန်း (၆) | ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ပေါ်ပေါက်လာနိုင်သည့် အငြင်းပွားမှုများ၊ တိုင်ကြားမှုများနှင့် ကန့်ကွက်မှုများကို ဖြေရှင်းခြင်း | ၉ |
| မဟာဗျူဟာအခန်း (၇) | ကမ္ဘာ့စုံမှ ပါဝင်ပတ်သက်သူများနှင့် ဆက်ဆံခြင်း | ၁၀ |
| မဟာဗျူဟာအခန်း (၈) | အားလုံးပါဝင်ဆောင်ရွက်မှု မြှင့်တင်ခြင်း | ၁၀ |
| မဟာဗျူဟာအခန်း (၉) | နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် အညီ လိုက်နာဆောင်ရွက်ခြင်းနှင့် မဲဆွယ်စည်းရုံးရေး အသုံးစရိတ် | ၁၀ |
| မဟာဗျူဟာအခန်း(၁၀) | ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်း | ၁၁ |
| မဟာဗျူဟာအခန်း(၁၁) | စဉ်ဆက်မပြတ်လေ့လာစောင့်ကြည့်ခြင်း၊ စိစစ်သုံးသပ်ခြင်းနှင့် စီမံကိန်းရေးဆွဲခြင်း | ၁၁ |
| မဟာဗျူဟာအခန်းများအလိုက် ကျား/မတန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များ | | ၁၅ |

## နိဒါန်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ကျင်းပပြုလုပ်သည့် ရွေးကောက်ပွဲများကို ကျင်းပခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုဖြစ်ရပ်များကို စစ်ဆေးဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်ရန်တာဝန်ရှိပါသည်။ ပွင့်လင်းမြင်သာပြီး အများယုံကြည်လက်ခံသော အားလုံးပါဝင်သည့်ရွေးကောက်ပွဲများဖြစ်ထွန်းရေးနှင့် နိုင်ငံအတွင်း ဒီမိုကရေစီစနစ် တစ်ရပ် ခိုင်မာစွာထူထောင်နိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် "နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရ" ဟူသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အခြေခံဥပဒေပုဒ်မ ၃၄၈ နှင့် ၁၉၉၇ ခုနှစ်ကတည်းက မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခဲ့သည့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်ခွဲခြားထားမှုအားလုံး ဖျက်သိမ်းရေး သဘောတူညီချက် (CEDAW) တို့အရ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ကျား/မတန်းတူညီမျှစွာ ပါဝင်ရေးမှာလည်း အရေးကြီး ပါသည်။

CEDAW သဘောတူစာချုပ်ကို အတည်ပြုလက်မှတ်ရေးထိုးပြီးသောအခါတွင် နိုင်ငံ၏ဥပဒေများတွင် အမျိုးသမီးအခွင့်အရေးများနှင့် အမျိုးသမီးများ၏ တန်းတူညီမျှရှိရေးကို တိုးမြှင့်လုပ်ဆောင်မည်ဖြစ်ပြီး နိုင်ငံလုံးဆိုင်ရာ အစီအရင်ခံစာကို လေးနှစ်တစ်ကြိမ် တင်သွင်းကြရသည်။ ဤအပြည်ပြည်ဆိုင်ရာသဘောတူညီမှုစာတမ်းအရ အမျိုးသမီးများ၏ လူမှုရေး၊ စီးပွားရေး နှစ်ခုလုံးနှင့်သက်ဆိုင်သည့် အခွင့်အရေး များအပေါ်တွင် ကာကွယ်ပြဋ္ဌာန်းပေးထားသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း ကျား/မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍမြှင့်တင်ရေးကို အောင်မြင်စွာလုပ်ဆောင်နိုင်ရန်အတွက် ကြိုးပမ်းအားထုတ်ခဲ့ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ချမှတ်ထားသောမူဝါဒများ၊ လုပ်ငန်းအစီအစဉ်များသည် အမျိုးသမီးများ၊ အမျိုးသားများနှင့် အခြားသောလိင်ဝိသေသကွဲပြားသူများအပေါ်တွင် အကျိုးသက်ရောက်မှုရှိပြီး ကျား/မဆိုင်ရာတန်းတူညီမျှစေရန် အကောင်အထည်ဖော်ဆောင်ရွက်မှုများ လိုအပ်ပါသည်။ ဤကဲ့သို့ ကျား/မရေးရာလုပ်ငန်းဆောင်ရွက်မှုများအား အဓိကထားကာ စနစ်တကျဖော်ဆောင်နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနှင့် ဤကျား/မ တန်းတူညီမျှရေးနှင့် အမျိုးသမီးကဏ္ဍမြှင့်တင်ရေးမူဝါဒကို ရေးဆွဲခဲ့သည်။ ဤမူဝါဒကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကျား/မ တန်းတူညီမျှ ရေးလုပ်ငန်းအဖွဲ့က International Foundation for Electoral Systems (IFES) ၏ပံ့ပိုးမှုဖြင့် ကော်မရှင်အဖွဲ့ခွဲများရှိကျား/မ တန်းတူညီမျှရေးလုပ်ငန်းအဖွဲ့များနှင့် တိုင်ပင်ဆွေးနွေးညှိနှိုင်းကာ ရေးဆွဲခဲ့ပါသည်။ ဤမူဝါဒသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကအသစ်ရေးဆွဲထားသော မဟာဗျူဟာစီမံကိန်း (၂၀၁၉ - ၂၀၂၂) နှင့်အညီ ရေးဆွဲထားခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် ဖြန့်ချိနိုင်ရန်လျာထားသတ်မှတ်ထားပါသည်။ ဤမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းများအပြင် ဝန်ထမ်းရွေးချယ်ခြင်းနှင့် ဝန်ထမ်းများ၏ စီမံခန့်ခွဲမှုများအပေါ် လုပ်ငန်းပိုင်းဆိုင်ရာ အထောက်အကူဖြစ်စေပြီး ရွေးကောက်ပွဲတွင်ပါဝင်ပတ်သက်သူများနှင့်လည်း ပူးပေါင်းဆောင်ရွက်နိုင်ရန် အထောက်အကူဖြစ်စေပါမည်။

### ရည်မှန်းချက်ပန်းတိုင်


ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ကဏ္ဍစုံမှ ပါဝင်ကြသော အမျိုးသားများ၊ အမျိုးသမီးများနှင့် လိင်ဝိသေသ ကွဲပြားသူများအကြား တန်းတူညီမျှမှု ရရှိစေရန် လူ့စွမ်းအား၊ ဘဏ္ဍာရေးနှင့် အခြား အရင်းအမြစ်များကို အသုံး ပြု၍ ကော်မရှင်က ဆောင်ရွက်ခြင်း။

### ရည်ရွယ်ချက်များ

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ၏ နေရာအဆင့်အားလုံး၌ အမျိုးသားများ၊ အမျိုးသမီးများနှင့် လိင်ဝိသေသကွဲပြားသူများအား အခွင့်အရေး ညီမျှစွာရရှိစေမည့် ကျား/မ တန်းတူ ညီမျှမှု ရှိရေးကို ဖော်ဆောင်ပေးသော အဖွဲ့အစည်းတစ်ရပ်အဖြစ် ထူထောင်ရန်။ အမျိုးသားများ၊ အမျိုးသမီးများနှင့် လိင်ဝိသေသကွဲပြားသူများအား တန်းတူဆက်ဆံကာ အလုပ်အကိုင် အခွင့်အလမ်းများ၊ အရင်းအမြစ်များ၊ သတင်းအချက်အလက်များကို တန်းတူညီမျှ ရရှိစေသော အဖွဲ့အစည်းတစ်ရပ် အဖြစ် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ကို ထူထောင်ရန်။

၂။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များအားလုံး၏ ကဏ္ဍအားလုံး၌ ကျား/မ တန်းတူညီမျှရေးကို ဦးစားပေးအဖြစ် ပါဝင်ထည့်သွင်း ဆောင်ရွက်ရန်။

၃။ အမျိုးသားများ၊ အမျိုးသမီးများနှင့် လိင်ဝိသေသကွဲပြားသူများအနေဖြင့် မဲဆန္ဒရှင်များ၊ ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ခံပုဂ္ဂိုလ်များအဖြစ် အပြည့်အဝ ပါဝင်နိုင်စေရေးအတွက် ကျား/မတန်းတူ ညီမျှရေးကို ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ထည့်သွင်း ဆောင်ရွက်ရန်။



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မူဝါဒလမ်းညွှန်ချက်များနှင့် ကတိကဝတ်များ

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၈ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လက်ရှိကျင့်သုံးနေသော ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုရှိပြီး အမျိုးသမီးကဏ္ဍမြှင့်တင်ရေးကို ဖော်ဆောင်နိုင်မည့် မူဝါဒနှင့် လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။ ဤမူဝါဒအရ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ အတွင်းရေးမှူးများက ကြီးကြပ်ကွပ်ကဲကြမည်ဖြစ်ပါသည်။ ထိုသို့ကြီးကြပ်ကွပ်ကဲရန်အတွက် ကျား/မ တန်းတူညီမျှရေး လုပ်ငန်းအဖွဲ့က ကူညီပံ့ပိုးလုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ဤမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုးတက်ပြောင်းလဲမှုများကို စောင့်ကြည့်သုံးသပ်ရန် မဟာဗျူဟာစီမံကိန်း (၂၀၁၉ - ၂၀၂၂)၊ အခန်း (၁၁) နှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြင်ဆင်ဖြည့်စွက်ချက်များကို လိုအပ်သလို ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကျား/မတန်းတူညီမျှရေး လုပ်ဆောင်မှုများနှင့် အောင်မြင်မှု ရလဒ်များကို အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကျား/မ တန်းတူညီမျှရေးမူဝါဒ ရည်မှန်းချက်ပန်းတိုင်နှင့် ရည်ရွယ်ချက်များကိုရေးဆွဲရာတွင် မဟာဗျူဟာစီမံကိန်း (၂၀၁၉ - ၂၀၂၂)တွင်ပါရှိသည့် အောက်ပါ လိုက်နာဆောင်ရွက်ရမည့် အခြေခံမှုများ၊ ကတိကဝတ်များပေါ်မူတည်၍ ရေးဆွဲထားပါသည် -

### လိုက်နာဆောင်ရွက်မည့် မူဝါဒလမ်းညွှန်ချက်များ

၁. **လွတ်လပ်၍ အမှီအခိုကင်းခြင်း**

ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စီမံဆောင်ရွက်ရာတွင် ပြင်ပလွှမ်းမိုးမှုမရှိစေဘဲ အမှီအခိုကင်းစွာ၊ လွတ်လပ်စွာ၊ ကျား/မ တန်းတူညီမျှမှုရှိစွာ ဆောင်ရွက်ခြင်း။

၂. **တရားမျှတခြင်း**

မည်သည့်ပါတီ၊ လူပုဂ္ဂိုလ်တစ်ဦးဦးကိုမျှ ဘက်လိုက်ခြင်းမရှိဘဲ ကျား/မ တန်းတူညီမျှစွာ ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်ခြင်း။

၃. **ပွင့်လင်းမြင်သာမှုရှိခြင်း**

လွတ်လပ်၍တရားမျှတသော၊ ပွင့်လင်းမြင်သာမှုရှိသော ရွေးကောက်ပွဲများကျင်းပရာတွင် အမျိုးသား၊ အမျိုးသမီးနှင့် လိင်ဝိသေသကွဲပြား သူများအားလုံး တန်းတူညီမျှစွာ ပါဝင်နိုင်ရေးကို မြှင့်တင်ခြင်း။

၄. **တာဝန်ခံမှုနှင့် တာဝန်ယူမှုရှိခြင်း**

ရွေးကောက်ပွဲ လုပ်ငန်းစဉ်၏ ကဏ္ဍအားလုံးတွင် ကျား/မတန်းတူညီမျှမှု မြှင့်တင်ရေးကို တာဝန်တစ်ခုအဖြစ် ဆောင်ရွက်ခြင်း။

၅. **တီထွင်ကြံဆတွေးခေါ်ခြင်း**

ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ပိုမိုကောင်းမွန်တိုးတက်စေရန် သတင်းအချက်အလက်များ၊ ဆက်သွယ်ရေး နည်းပညာများ၊ ကျားမတန်းတူညီမျှရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို အသုံးပြု၍ တီထွင်ကြံဆဆောင်ရွက်ခြင်း။

၆. **အများယုံကြည်လက်ခံခြင်း**

မဟာဗျူဟာအခန်း (၈)တွင် ဖော်ပြထားသည့်အတိုင်း ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များတွင် ဆန္ဒမဲပေးခွင့်ရှိသူအားလုံးတန်းတူညီမျှစွာ ပါဝင်နိုင်ရေးအတွက် ကော်မရှင်၏ကြိုးပမ်းဆောင်ရွက်မှုများတွင် အမျိုးသမီးများ ကဏ္ဍမြှင့်တင်ရေးကို ထည့်သွင်းဆောင်ရွက်ခြင်း။

၇. **သမာသမတ်ကျခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ပိုင်ခွင့်နှင့် စွမ်းဆောင်နိုင်မှုအရ သမာသမတ်ကျစွာ ဆောင်ရွက်သောမူဝါဒနှင့် လုပ်ငန်း အကောင်အထည်ဖော်မှုများတွင် ကျား/မ တန်းတူညီမျှရေးကို ထည့်သွင်းဆောင်ရွက်ခြင်း။

### လိုက်နာဆောင်ရွက်မည့် ကတိကဝတ်များ

### တန်းတူညီမျှအခွင့်အရေးရရှိရန် မြှင့်တင်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အမျိုးသား၊ အမျိုးသမီးနှင့် အခြားသော လိင်ဝိသေသကွဲပြားသူများ အားလုံးအတွက် တန်းတူအခွင့်အရေးရရှိစေမည့် ကျား/မ ခွဲခြား ဆက်ဆံမှုမရှိသော လုပ်ငန်းပတ်ဝန်းကျင်အဖြစ် မြှင့်တင်ရန် ဆောင်ရွက်သွားမည်။

### မတူကွဲပြားသူများ အားလုံးပါဝင်နိုင်သော လုပ်ငန်းပတ်ဝန်းကျင် တစ်ခု ဖန်တီးခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၎င်း၏ဝန်ထမ်းခန့်အပ်ခြင်းဆိုင်ရာ မူဝါဒတွင် ကျားမတန်းတူညီမျှရေး၊ မတူကွဲပြားသူများအား ခွဲခြားဆက်ဆံမှုမရှိရေးနှင့် တန်းတူညီမျှရေး အခြေခံသဘောတရားများကို ကျင့်သုံးသည့် လုပ်ငန်းပတ်ဝန်းကျင်တစ်ခု ဖန်တီးရန် ထည့်သွင်းရေးဆွဲသွားမည် ဖြစ်သည်။

### အနှောင့်အယှက်ပြုမှုများနှင့် ခွဲခြားဆက်ဆံမှုများကို ကာကွယ်ခြင်း

ဝန်ထမ်းများအတွက် လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားဆက်ဆံမှု၊ အနှောင့်အယှက်ပြုမှုများမှ ကင်းဝေးသော လုပ်ငန်းပတ်ဝန်းကျင်တစ်ခု ဖြစ်စေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြှင့်တင်ဆောင်ရွက်သွားမည်။ ဝန်ထမ်းများ၏ဂုဏ်သိက္ခာနှင့် ခံစားချက်ကို အလေးထားဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လိင်ပိုင်းဆိုင်ရာအနှောင့်အယှက်ပြုမှုအဖြစ် ရှုမြင်နိုင်မည့် မည်သည့်ပြုမူဆောင်ရွက်ချက်ကိုမဆို ဝန်ထမ်းတစ်ဦးဦး၊ ကျား သို့မဟုတ် မ တစ်ဦးဦးက ပြုမူဆောင်ရွက်ခြင်းမရှိစေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဂရုပြုဆောင်ရွက်သွားပါမည်။ (လိင်ပိုင်းဆိုင်ရာ အနှောင့်အယှက်ပြုမှုဆိုသည်မှာ လိင်ပိုင်းဆိုင်ရာသဘာဝကို ကိုယ်အမူအရာအားဖြင့်လည်းကောင်း၊ ကိုယ်ထိလက်ရောက်အား ဖြင့်လည်းကောင်း၊ ဝေဖန်သုံးသပ်ပြောဆိုခြင်းဖြင့်လည်းကောင်း ပုဂ္ဂိုလ်ရေးဆိုင်ရာအနှောင့်အယှက်ဖြစ်စေမည့်၊ လုပ်ငန်းပတ်ဝန်းကျင်ကို ခြိမ်းခြောက်မှုဖြစ်စေမည့် လက်ခံနိုင်ဖွယ်မရှိသော ပြုမူဆောင်ရွက်ချက်ကို ဆိုလိုသည်။) ဝန်ထမ်းများကိုအမျိုးသား၊ အမျိုးသမီး ဟူသည့် ဖြစ်တည်မှုအပေါ်အခြေခံ၍ ခွဲခြားဆက်ဆံခြင်းနှင့် အနှောင့်အယှက်ပြုခြင်းတို့ကို တိုင်ကြားနိုင်ရန်နှင့် ဖြေရှင်းနိုင်ရန်အတွက် နည်းလမ်းတစ်ရပ်ကိုရေးဆွဲရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကျား/မ တန်းတူညီမျှရေး လုပ်ငန်းအစီအစဉ်တွင် ဦးစားပေးအဖြစ်ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသည်။

### ၂၀၁၅ ခုနှစ်မှစ၍ ဖွံ့ဖြိုးတိုးတက်မှုများ

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည်အမျိုးသမီး ကော်မရှင်အဖွဲ့ ခွဲဝင်စုစုပေါင်း ၃၉၂ ဦးနှင့် ဝန်ထမ်း ၉၅၁ ဦးကို ရပ်ရွာအဆင့်များရှိ တိုင်းရင်းသားလူနည်းစုအဖွဲ့များကို ကိုယ်စားပြုသူများပါဝင်စေပြီး ဝန်ထမ်းရွေးချယ်သတ်မှတ်ခြင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ရွေးချယ်ခန့်အပ်ခဲ့သည်။
- ကော်မရှင်အဖွဲ့ခွဲများတွင် အမျိုးသမီးများပါဝင်မှုမှာ တိုင်းဒေသကြီး /ပြည်နယ်အဆင့်တွင် ၂၄.၂၄ ရာခိုင်နှုန်း၊ ခရိုင်အဆင့်တွင် ၁၆.၀၅ ရာခိုင်နှုန်းနှင့် မြို့နယ်အဆင့်တွင် ၁၅.၁၉ ရာခိုင်နှုန်း ပါဝင်ပါသည်။
- အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း ၂၀၁၃-၂၀၂၂ **(NSPAW- National Strategic Plan for Advancement of Women 2013-2022)** ကို အကောင်အထည်ဖော်ဆောင်ရန်အတွက်ဖွဲ့စည်းထားသော နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့များအနက်မှ နိုင်ငံရေးနှင့်စီးပွားရေးတွင် အမျိုးသမီးများပါဝင်ခြင်း လုပ်ငန်းအဖွဲ့၊ အမျိုးသမီးများ၏ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာလုပ်ငန်းအဖွဲ့တို့အတွက်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တွဲဖက်ခေါင်းဆောင်အဖြစ်ပါဝင်ဆောင်ရွက်ခဲ့ပါသည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကျား/မ တန်းတူညီမျှရေးလုပ်ငန်းအဖွဲ့ ကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် စတင်ဖွဲ့စည်းခဲ့ပြီး ကျား/မတန်းတူညီမျှရေးမူဝါဒနှင့် လုပ်ငန်းအစီအစဉ်မူကြမ်းအား ၂၀၁၅ ခုနှစ်ကတည်းကရေးဆွဲခဲ့ကြပြီး ၂၀၁၈ ခုနှစ်တွင်ပြန်လည်သုံးသပ် ပြင်ဆင်မွမ်းမံခဲ့ကြသည်။
- တိုင်းဒေသကြီး/ပြည်နယ်များရှိ ကော်မရှင်အဖွဲ့ခွဲများတွင် ကျား/မ တန်းတူညီမျှရေးလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းထားရှိပြီး ဖြစ်သည်။ (ယင်းအဖွဲ့တစ်ဖွဲ့စီတွင် ကျား/မ တန်းတူညီမျှရေးဆိုင်ရာ အဓိကလုပ်ဆောင်သူများ ပါဝင်မည်ဖြစ်သည်။)

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကျား/မ တန်းတူညီမျှရေးလုပ်ငန်းအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ရှိသော ကျား/မ တန်းတူညီမျှရေးလုပ်ငန်းအဖွဲ့များအတွက် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ရေးဆွဲခဲ့ကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အတည်ပြုချက်လည်း ရရှိခဲ့ပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကော်မရှင်ဝန်ထမ်းများအတွက် ကျား/မ တန်းတူညီမျှရေးဆိုင်ရာ အသိပညာပေးသင်တန်းများကို ပြုလုပ်ခဲ့ပြီး ရွေးကောက်ပွဲများတွင် ကျား/မတန်းတူညီမျှမှုနှင့် အမျိုးသမီးများကဏ္ဍမြှင့်တင်ရေးဆိုင်ရာဆွေးနွေးပွဲများကို နှစ်စဉ်ကျင်းပခဲ့ကြပါသည်။



## မူဝါဒအကောင်အထည်ဖော်ဆောင်ရွက်မှုအစီအစဉ်

### မဟာဗျူဟာစီမံကိန်းနှင့်အညီ ကျား / မတန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍမြှင့်တင်ရေးဆိုင်ရာမူဝါဒအကောင်အထည်ဖော်ဆောင်ရွက်မှုအစီအစဉ်

ကျား/မတန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍမြှင့်တင်ရေးသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂) တွင် ဦးစားပေးဖော်ပြထားပြီး မဟာဗျူဟာအခန်း (၁၁)နှင့်လည်း ဆက်စပ်လျက်ရှိပါသည်။ ကျား/မတန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍမြှင့်တင်ရေးအတွက် ဆောင်ရွက်ရန်လုပ်ငန်းများကို မဟာဗျူဟာအခန်းတစ်ခုစီအလိုက် အောက်ပါအတိုင်းဖော်ပြထားပါသည်။

### မဟာဗျူဟာအခန်းများ

၁။ ဥပဒေရေးရာမူဘောင်နှင့် လွှတ်တော်ဆက်ဆံရေး

၂။ ဝန်ထမ်းများ၏ ကျွမ်းကျင်မှု စွမ်းရည်မြှင့်တင်ဆောင်ရွက်ရေး

၃။ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း

၄။ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများ

၅။ ပြည်သူလူထုနှင့် မဲဆန္ဒရှင် အသိပညာပေးခြင်း

၆။ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ပေါ်ပေါက်လာနိုင်သည့် အငြင်းပွားမှုများ၊ တိုင်ကြားမှု များနှင့် ကန့်ကွက်မှုများကို ဖြေရှင်းခြင်း

၇။ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့် ဆက်ဆံခြင်း

၈။ အားလုံးပါဝင်ဆောင်ရွက်မှုမြှင့်တင်ခြင်း

၉။ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းနှင့် မဲဆွယ်စည်းရုံးရေး အသုံးစရိတ်

၁၀။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်း

၁၁။ စဉ်ဆက်မပြတ်လေ့လာစောင့်ကြည့်ခြင်း၊ စိစစ်သုံးသပ်ခြင်းနှင့် စီမံကိန်းရေးဆွဲခြင်း

### အခန်း – ၁။ ဥပဒေရေးရာမူဘောင်နှင့် လွှတ်တော်ဆက်ဆံရေး

**လုပ်ငန်းစဉ်များ –**

၁.၁။ ကျင်းပပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲများကို ပြန်လည်သုံးသပ်သည့် ဆွေးနွေးပွဲများမှ ရလဒ်များ၊ ကျား/မ တန်းတူညီမျှရေး ညီလာခံနှင့် ဆွေးနွေးပွဲများမှ အကြံပြုချက်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများ၊ စောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ အကြံပြုချက်များကို အခြေခံ၍ ကျား/မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍမြှင့်တင်ရေးကို ထည့်သွင်း စဉ်းစားကာ မဟာဗျူဟာအခန်း (၁) အရဥပဒေ၊ နည်းဥပဒေများကို လေ့လာသုံးသပ်ပြင်ဆင်ခြင်း။

၁.၂။ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းလမ်းညွှန်များကို ပြင်ဆင်ရာတွင် ကျား/မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ ကဏ္ဍ မြှင့်တင်ရေးကို ထည့်သွင်း စဉ်းစားဆောင်ရွက်ခြင်း။

၁.၃။ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များ၊ညွှန်ကြားချက်များ ၊ ကျင့်ဝတ်များ၊ မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားသည့် ကတိကဝတ်များစသည့် သတင်းအချက်အလက်များကို ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ရှိ ကျား/မ အားလုံးအလွယ်တကူလက်လှမ်းမီရရှိစေရန် ဆောင်ရွက်ခြင်း။ တိုင်းရင်းသားနယ်မြေများရှိ ကော်မရှင်အဖွဲ့ခွဲများတွင် တိုင်းရင်းသား ဘာသာစကားဖြင့်ရရှိနိုင်အောင် ဆောင်ရွက်ထားရှိခြင်း။

၁.၄။ မဟာဗျူဟာအခန်း (၅) ဖော်ဆောင်ရာတွင် ကော်မရှင်နှင့်ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ ကျား/မ အားလုံးအား ကျား/မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍ မြှင့်တင်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ မူဝါဒများကို အသိပညာပေးခြင်း။

### အခန်း – ၂။ ဝန်ထမ်းများ၏ ကျွမ်းကျင်မှု စွမ်းရည်မြှင့်တင်ဆောင်ရွက်ရေး

**လုပ်ငန်းစဉ်များ –**

၂.၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အတွက် ကျား/မ အသိပညာမြှင့်တင်ရေး သင်တန်းများ/အလုပ်ရုံ ဆွေးနွေးပွဲများ ပြုလုပ်ခြင်းနှင့် ကော်မရှင်၏ သင်တန်းများအားလုံးတွင် ကျား/မတန်းတူညီမျှရေး သင်ခန်းစာတစ်ခု ထည့်သွင်းပို့ချခြင်း။

၂.၂။ လုပ်ငန်းခွင်လုံခြုံရေး မူဝါဒများချမှတ်ခြင်း။ (ဥပမာ – လူမှုဝန်ထမ်းဦးစီးဌာန သို့မဟုတ် အခြားသောဝန်ကြီးဌာနမှ ကိုးကားရယူရန်၊ သို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဖော်ထုတ်သတ်မှတ်ရန်)

၂.၃။ လုပ်ငန်းခွင်တွင် အမျိုးသမီးများအား အကြမ်းဖက်မှုနှင့် အနှောင့်အယှက်ပြုမှုများမှ ကာကွယ်စောင့်ရှောက်နိုင်ရန် လိုအပ်သည့် အစီအမံများ စီစဉ်ဆောင်ရွက်ခြင်း။

၂.၄။ ဝန်ထမ်းများခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်နိုင်သော အဆင့်များတွင် အမျိုးသမီးများပါဝင်မှု မြှင့်တင်ရေးကို ဆောင်ရွက်ခြင်း။

### အခန်း – ၃။ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း

**လုပ်ငန်းစဉ်များ –**

၃.၁။ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းစဉ်များတွင် ကျား/မတန်းတူညီမျှစွာ ပါဝင်ရေး။ သက်ဆိုင်ရာဌာနများ (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန) နှင့် ညှိနှိုင်းဆောင်ရွက်ရာတွင်လည်းကောင်း၊ မဲဆန္ဒရှင်စာရင်းလုပ်ငန်းအဖွဲ့များတွင်လည်းကောင်း ကျား/မတန်းတူညီမျှစွာ ပါဝင်စေရေး ဆောင်ရွက်ခြင်း။

၃.၂။ မဲစာရင်းနှင့် သက်ဆိုင်သည့် သတင်း အချက်အလက်များအားလုံးကို ကျား/မ တန်းတူညီမျှစွာ လက်လှမ်းမီသိရှိနိုင်ရေး အတွက် ဆောင်ရွက်ခြင်း။

၃.၃။ မဲစာရင်းပြုစုခြင်းနှင့်စပ်လျဉ်း၍ အချက်အလက်များ စစ်ဆေးခြင်း၊ အမည်ထည့်သွင်းရန် တောင်းဆိုခြင်း၊ ပြင်ဆင်ခြင်း၊ ကန့်ကွက်ခြင်းတို့ကို အမျိုးသမီးများ စိတ်ပါဝင်စား၍ ပါဝင်လာစေရန် ရွေးကောက်ပွဲနှင့် သက်ဆိုင်သူများ (**electoral stakeholders**) က ပူးပေါင်းဆောင်ရွက်ခြင်း။

### အခန်း – ၄။ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများ

**လုပ်ငန်းစဉ်များ –**

၄.၁။ ရွေးကောက်ပွဲလုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တွင် အမျိုးသမီးများပိုမိုပါဝင်စေခြင်း။ (ဥပမာ – လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ၊ ကော်မရှင်ဝန်ထမ်းများ၊ မဲရုံအဖွဲ့ဝင်များ၊ စေ့စပ်ညှိနှိုင်းရေးကော်မတီစသည်)

၄.၂။ ရွေးကောက်ပွဲလုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တွင် ပါဝင်သည့်အမျိုးသမီးများ၏လုံခြုံရေးကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းမြှင့်တင်ဆောင်ရွက်ခြင်း။

၄.၃။ ရွေးကောက်ပွဲလုပ်ငန်းဆောင်ရွက်မှုနှင့် ဘတ်ဂျက်များစီစဉ်ရေးဆွဲရာတွင် ကျား/မ တန်းတူညီမျှရေးကို ထည့်သွင်းစဉ်းစားသော ဘတ်ဂျက် (**Gender sensitive budget**) ဖြစ်စေရန် ဆောင်ရွက်ခြင်း။

၄.၄။ ရွေးကောက်ပွဲလုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တွင် ပါဝင်သူများ၏ ကျား/မ ဆိုင်ရာ အချက်အလက်များ (**gender data**)

ကို ပြုစုထားရှိခြင်း။ (ဥပမာ - အမျိုးသမီး/အမျိုးသား မဲဆန္ဒရှင်အရေအတွက်၊ အမျိုးသမီး/အမျိုးသား ကိုယ်စားလှယ်လောင်း အရေအတွက်စသည်)

### အခန်း – ၅။ ပြည်သူလူထုနှင့် မဲဆန္ဒရှင်အသိပညာပေးခြင်း

**လုပ်ငန်းစဉ်များ –**

၅.၁။ ပြည်သူလူထုနှင့် မဲဆန္ဒရှင် အသိပညာပေး အစီအစဉ်များ၊ အထောက်အကူပြုပစ္စည်းများအား ရေးဆွဲပြုစုရာတွင် ကျား/မ တန်းတူ ညီမျှရေး (**Gender balance**) ကို အမြဲထည့်သွင်းစဉ်းစားခြင်း။

၅.၂။ မဲဆန္ဒရှင် အသိပညာပေး လုပ်ငန်းများတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ၊ ကော်မရှင်အဖွဲ့ခွဲများ၊ ရွေးကောက်ပွဲနှင့် သက်ဆိုင်သူများ (**stakeholders**) များမှ အမျိုးသမီးများ ပိုမိုပူးပေါင်း ပါဝင်လာစေရေး ဆောင်ရွက်ခြင်း။

၅.၃။ မဲဆန္ဒရှင်အသိပညာပေးအစီအစဉ်များ၊ သတင်းအချက်အလက်များကို အမျိုးသမီးများ လက်လှမ်းမီသိရှိနိုင်ရေး ဆောင်ရွက်ခြင်း။

၅.၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တို့၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် အသိပညာပေး သင်တန်းများတွင် ကျား/မ တန်းတူညီမျှရေးအသိပညာ (**gender awareness**) ကို ထည့်သွင်းခြင်း။

### အခန်း – ၆။ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ပေါ်ပေါက်လာနိုင်သည့် အငြင်းပွားမှုများ၊ တိုင်ကြားမှုများနှင့် ကန့်ကွက်မှုများကို ဖြေရှင်းခြင်း

**လုပ်ငန်းစဉ်များ –**

၆.၁။ အငြင်းပွားမှုများဖြေရှင်းခြင်းနှင့်စပ်လျဉ်းသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပြန်လည်ဆန်းစစ်ခြင်း၊ သီးခြားလုပ်ထုံး လုပ်နည်းများ ပြုစုခြင်းစသည့်လုပ်ငန်းစဉ်များတွင် ကျား/မ တန်းတူညီမျှစွာ ပါဝင်နိုင်ရေးနှင့် အမျိုးသမီးများ၏ အတွေးအမြင်များ ကိုပါ ထည့်သွင်းစဉ်းစားပေးခြင်း။

၆.၂။ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့်ပြစ်ဒဏ်များ၊ တရားမဲ့ပြုကျင့်မှုများ၊ အငြင်းပွားမှုဖြေရှင်းခြင်းဆိုင်ရာလုပ်ထုံး လုပ်နည်းများ ကိုအမျိုးသမီးများ အလွယ်တကူသိရှိနားလည်နိုင်ရန် အသိပညာပေးခြင်းနှင့် အငြင်းပွားမှုများကို တိုင်ကြားရာတွင် မည်သည့် အချိန်၊ မည်သည့်ဌာနထံသို့ မည်သို့တိုင်ကြား၊ ကန့်ကွက်ရမည်ဆိုသည်ကို အမျိုးသမီးများ (အထူးသဖြင့် အမျိုးသမီး ကိုယ်စား လှယ်လောင်းများ) အတွက် အသိပညာပေးခြင်း။

၆.၃။ အငြင်းပွားမှုများ၊ ကန့်ကွက်လွှာများကိုလက်ခံခြင်း၊ ကွန်ပျူတာစနစ်ဖြင့် မှတ်တမ်းတင်ခြင်းစသည့် ရုံးပိုင်းဆိုင်ရာ လုပ်ငန်း များနှင့် ကြားနာခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း စသည့် တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ တွင် ကျား/မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ ပါဝင်ဆောင်ရွက်စေခြင်း။ (ဥပမာ - ရွေးကောက်ပွဲခုံအဖွဲ့များတွင် ခုံအဖွဲ့ဝင်အမျိုးသမီးများခန့်အပ်ခြင်း၊ ကိုယ်စား လှယ်လောင်းအမည်စာရင်း ကန့်ကွက်မှုများအား ကော်မရှင်အဖွဲ့ခွဲများကစိစစ်ရာတွင် အမျိုးသမီးဝန်ထမ်းများအား ပါဝင် ဆောင်ရွက်စေခြင်း)

၆.၄။ ရွေးကောက်ပွဲမတိုင်မီ၊ ရွေးကောက်ပွဲနေ့နှင့် ရွေးကောက်ပွဲပြီးနောက် ပေါ်ပေါက်လာနိုင်သည့် အငြင်းပွားမှုများကို စိစစ် ကြားနာခြင်း၊ ဆုံးဖြတ်ခြင်းစသည့်လုပ်ငန်းစဉ်နှင့် တရားစီရင်ရေးစနစ်ကို အမျိုးသမီးများ (အထူးသဖြင့် အမျိုးသမီးကိုယ်စားလှယ် လောင်း များ) အလွယ်တကူ အချိန်နှင့်တစ်ပြေးညီ လက်လှမ်းမီနိုင်အောင်ဆောင်ရွက်ခြင်း။

၆.၅။ ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲနေ့တွင် ဖြစ်ပေါ်လာနိုင်သည့် ပြဿနာများကိုညှိနှိုင်းပေးရန် စေ့စပ်ညှိနှိုင်းရေး ကော်မတီအဆင့်ဆင့်ကိုဖွဲ့စည်းရာတွင် အမျိုးသမီးအဖွဲ့ဝင်များ ပိုမိုပါဝင်နိုင်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီများ၏ လုပ်ပိုင်ခွင့် များ၊ လုပ်ထုံးလုပ်နည်းများကို အမျိုးသမီးများ သိရှိနားလည်နိုင်စေရန် အသိပညာပေးခြင်း။

### အခန်း – ၇။ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့် ဆက်ဆံခြင်း

**လုပ်ငန်းစဉ်များ –**

၇.၁။ ရွေးကောက်ပွဲဆိုင်ရာ ကူညီထောက်ပံ့ပေးသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်း အဖွဲ့အစည်းများ နှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရာတွင် ကျား/မ တန်းတူညီမျှရေး မူဝါဒအရ လုပ်ငန်းများ ကို ထည့်သွင်း အကောင်အထည်ဖော်ခြင်း။

၇.၂။ ကဏ္ဍစုံမှပါဝင်ပတ်သက်သူများ အထူးသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ကော်မရှင်၏ ကျား/မ တန်းတူညီမျှရေးလုပ်ငန်းအဖွဲ့အဆင့်ဆင့်တို့ ပုံမှန်တွေ့ဆုံပြီး ကောင်းမွန်သော ဆက်ဆံရေးတည်ဆောက်ခြင်းဖြင့် အမျိုးသမီး ကဏ္ဍမြှင့်တင်ရေး ကို ဆောင်ရွက်ခြင်း။

၇.၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့အကြား ကျား/ မ တန်းတူညီမျှရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ပိုမိုအားကောင်းခိုင်မာလာစေရန်အတွက် လုပ်ငန်းစဉ်တစ်ခုထူထောင်ခြင်း။ (ဥပမာ – ကျား/မတန်းတူညီမျှ ရေးလုပ်ငန်းအဖွဲ့များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများတွင် ဖွဲ့စည်း၍ လုပ်ငန်းများကို အကောင် အထည်ဖော်ဆောင်ရွက်ခြင်း)

### အခန်း – ၈။ အားလုံးပါဝင်ဆောင်ရွက်မှုမြှင့်တင်ခြင်း

**လုပ်ငန်းစဉ်များ –**

၈.၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများတွင် ဆုံးဖြတ်ချက်ချမှတ်သောရာထူးအဆင့်များ အပါအဝင် ဖွဲ့စည်းမှုအဆင့်ဆင့်တိုင်း၌ အမျိုးသမီးများ (တိုင်းရင်းသားလူမျိုးများနှင့် မသန်စွမ်းသူများအပါအဝင်) ပါဝင်လာစေရေးကို ဖော် ဆောင်ခြင်း။

၈.၂။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် တန်းတူညီမျှစွာပါဝင်နိုင်ရေးကို အဟန့်အတားဖြစ်စေသော ရုပ်ပိုင်းဆိုင်ရာ၊ ပတ်ဝန်းကျင် ဆိုင်ရာ၊ ဆက်သွယ်ရေးနှင့်အဖွဲ့အစည်းဆိုင်ရာ အခက်အခဲများ လျော့နည်းပပျောက်စေရေးနှင့် အားလုံးပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ရေးဆောင်ရွက်ခြင်း။

၈.၃။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် တန်းတူညီမျှစွာ ပါဝင်နိုင်ရေးကို အဟန့်အတားဖြစ်စေသော ဓလေ့ထုံးစံနှင့် လူမှုရေးဆိုင် ရာ အခက်အခဲများကို လျော့နည်းပပျောက်စေရေးနှင့် အားလုံးပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ရေးဆောင်ရွက်ခြင်း။

### အခန်း – ၉။ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းနှင့် မဲဆွယ်စည်းရုံး ရေးအသုံးစရိတ်

**လုပ်ငန်းစဉ်များ –**

၉.၁။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများ၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို အမျိုးသမီး လွှတ်တော်ကိုယ်စား လှယ်လောင်းများ (တိုင်းရင်းသားလူမျိုးများနှင့် မသန်စွမ်းသူများ အပါအဝင်) သိရှိစေရန် ပညာပေး အစီအစဉ်များ ပြုလုပ်ပေးခြင်း။

၉.၂။ ရွေးကောက်ပွဲကျင့်ဝတ်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုပြစ်ဒဏ်များ၊ တရားမဲ့ပြုကျင့်မှုများနှင့်စပ်လျဉ်း၍အသိပညာပေးရာတွင် အမျိုးသမီးများ(အထူးသဖြင့် အမျိုးသမီး ကိုယ်စားလှယ်လောင်းများ) လက်လှမ်းမီသိရှိစေရန် ဆောင် ရွက်ခြင်း။

၉.၃။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ ပိုမိုပေါ်ထွက်လာစေရေးအတွက် ကဏ္ဍစုံမှပါဝင်ပတ်သက်သူများ၊ အထူးသဖြင့် နိုင်ငံရေးပါတီများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း။

၉.၄။ နိုင်ငံရေးပါတီဆိုင်ရာ ညွှန်ကြားချက်များ၊ ကျင့်ဝတ်များတွင် ကျား/မ တန်းတူညီမျှရေးကို ထည့်သွင်းစဉ်းစားခြင်း။

## အခန်း – ၁၀။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်း

**လုပ်ငန်းစဉ်များ –**

၁၀.၁။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းနှင့်စပ်လျဉ်းသော လုပ်ငန်းများတွင် ကျား/မ တန်းတူညီမျှစွာပါဝင်ရေးအတွက် ကဏ္ဍစုံမှပါဝင်ပတ်သက်သူများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း။ (ဥပမာ - ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေခြင်း)

၁၀.၂။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးဆိုင်ရာလုပ်ငန်းများတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရေးအတွက် အသိပညာပေးခြင်း။

၁၀.၃။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး လုပ်ထုံးလုပ်နည်းများ၊ ကျင့်ဝတ်များတွင် ကျား/မတန်းတူညီမျှမှုရှိစေရေးကို ထည့်သွင်းစဉ်းစားခြင်း။

## အခန်း – ၁၁။ စဉ်ဆက်မပြတ်လေ့လာစောင့်ကြည့်ခြင်း၊ စိစစ်သုံးသပ်ခြင်းနှင့် စီမံကိန်းရေးဆွဲခြင်း

**လုပ်ငန်းစဉ်များ –**

၁၁.၁။ မဟာဗျူဟာအစီအစဉ်အကောင်အထည်ဖော်မှုများ၌ ကျား/မတန်းတူညီမျှရေးကို ထည့်သွင်းဆောင်ရွက်မှုအား စောင့်ကြည့်လေ့လာသုံးသပ်ခြင်း။


၁၁.၂။ ကျား/မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍ မြှင့်တင်ရေးဆိုင်ရာ မူဝါဒနှင့်လုပ်ငန်းအစီအစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်မှုများကို စောင့်ကြည့်လေ့လာသုံးသပ်ခြင်း။

၁၁.၃။ကဏ္ဍစုံမှပါဝင်ပတ်သက်သူများ၏ရွေးကောက်ပွဲဆိုင်ရာအစီရင်ခံစာများတွင်ပါရှိသည့် အမျိုးသမီးများနှင့်သက်ဆိုင်သည့် အကြံပြုချက်များကို ကော်မရှင်မှသိရှိအကောင်အထည်ဖော်နိုင်ရေးအတွက် ကောက်နုတ်စုစည်းတင်ပြခြင်း။

၁၁.၄။ ရွေးကောက်ပွဲများနှင့် နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်နိုင်ရေးနှင့်စပ်လျဉ်းသော အားနည်းချက်/ အားသာချက်များကို စောင့်ကြည့်လေ့လာသုံးသပ်ခြင်း၊ နိုင်ငံတကာနှင့် နှိုင်းယှဉ်လေ့လာသုံးသပ်ခြင်း။

၁၁.၅။ ရွေးကောက်ပွဲနောင်းပိုင်းပြန်လည် သုံးသပ်ဆွေးနွေးရာတွင် ကျား/မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ ပါဝင်မှုမြှင့်တင်ရေးကို ထည့်သွင်း ဆွေးနွေးစေခြင်းနှင့် ရရှိလာသောအကြံပြုချက်များကို ကျား/မ တန်းတူညီမျှရေးမူဝါဒနှင့် မဟာဗျူဟာအသစ်ရေးဆွဲရာတွင် ဖြည့်စွက်ထည့်သွင်းခြင်း။

# ရွေးကောက်ပွဲစက်ဝန်း၏ လုပ်ငန်းစဉ်များတွင် အမျိုးသမီးများပါဝင်မှုကို မြှင့်တင်ခြင်း




ကိုးကား - *IFES* ၏ "ကျား/မ တန်းတူညီမျှရေးနှင့် ရွေးကောက်ပွဲစီမံခန့်ခွဲမှု အဖွဲ့အစည်းများ - အလေ့အကျင့်ကောင်းများ လမ်းညွှန်" စာအုပ် (၂၀၁၄)



## မဟာဗျူဟာစီမံကိန်း (၁)

ဥပဒေရေးရာမူဘောင်နှင့် လွှတ်တော်ဆက်ဆံရေး



## မဟာဗျူဟာစီမံကိန်း (၂)

ဝန်ထမ်းများ၏ ကျွမ်းကျင်မှုစွမ်းရည် မြှင့်တင်ဆောင်ရွက်ရေး



## မဟာဗျူဟာစီမံကိန်း (၃)

ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း



## မဟာဗျူဟာအခန်းများအလိုက် ကျား/မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍ မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းအစီအစဉ်များ

### ကျား/မတန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍ မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းအစီအစဉ်

အခန်း(၁)။ ဥပဒေရေးရာမူဘောင်နှင့်လွှတ်တော်ဆက်ဆံရေးလုပ်ငန်းအစီအစဉ်များ

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့်အချိန် |
|---|---|---|---|---|---|---|
| ၁.၁ | ကျင်းပပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲများကို ပြန်လည်သုံးသပ်သည့် ဆွေးနွေးပွဲများမှ ရလဒ်များ၊ ကျား/မ တန်းတူညီမျှရေး ညီလာခံနှင့် ဆွေးနွေးပွဲများမှ အကြံပြုချက်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများ၊ စောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ အကြံပြုချက်များကို အခြေခံ၍ ကျား/မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍ မြှင့်တင်ရေးကို ထည့်သွင်း စဉ်းစားကာ မဟာဗျူဟာအခန်း (၁) အရ ဥပဒေ၊ နည်းဥပဒေများကို လေ့လာသုံးသပ်ပြင်ဆင်ခြင်း။ | ၁.၁.၁ | ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ လေ့လာသုံးသပ် ပြင်ဆင်ရေးဆွဲရေးအဖွဲ့ ဖွဲ့စည်းရာတွင် ကော်မရှင်နှင့် ကော်မရှင် အဖွဲ့ခွဲများမှ ကျား၊မတန်းတူညီမျှရေး လုပ်ငန်းအဖွဲ့ဝင်များကို ပါဝင်ဖွဲ့စည်း ခြင်း။ | ကော်မရှင်၊ ပြင်ဆင်ရေးဆွဲရေးအဖွဲ့ | ၁။ ပါဝင်သည့် အမျိုးသမီး ဦးရေ/ ကော်မတီများတွင် ပါရှိသော ကျား၊မ တန်းတူညီမျှရေး အဖွဲ့ဝင်များ<br>၂။ အစည်းအဝေး အကြိမ်အရေ အတွက်<br>၃။ အမျိုးသမီးများ ပါဝင်မှု တိုးတက် လာစေရန် ဦးတည်ပြီး ပြင်ဆင်မွမ်း မံသည့် ဥပဒေများ | ၂၀၁၉ - ၂၀၂၀ |
| | | ၁.၁.၂ | ကျား/မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ ကဏ္ဍမြှင့်တင်ရေးကို ထည့်သွင်း စဉ်းစားထားသည့်ပြင်ဆင်ရေးဆွဲထားသော ဥပဒေကြမ်းကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း | ကော်မရှင် | ၁။ သက်ဆိုင်ရာ လွှတ်တော်သို့ အဆိုတင်သွင်းရာ၌ ကော်မတီ အဖွဲ့တွင် အမျိုးသမီးများ ပါဝင်စေခြင်း<br>၂။ လွှတ်တော်မှ အကြံပြုချက်များ၊ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်များနှင့် အညီအကောင်အထည်ဖော်ဆောင်ရွက်ခြင်း | ၂၀၁၉ - ၂၀၂၀ |

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| | | ၁.၁.၃ | အတည်ပြုပြဋ္ဌာန်းသော ဥပဒေနှင့် အညီ နည်းဥပဒေများအား ပြင်ဆင်ရာတွင် ကျား/မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ ကဏ္ဍမြှင့်တင်ရေးကို ထည့်သွင်း စဉ်းစားခြင်း။ | ကော်မရှင်၊ ပြင်ဆင်ရေးဆွဲရေး အဖွဲ့ | ၁။ ညှိနှိုင်း အစည်းအဝေးများအကြိမ်အရေ အတွက်<br>၂။ ညှိနှိုင်း အစည်းအဝေးများတွင် အမျိုးသမီး ပါဝင်မှုအရေအတွက်<br>၃။ အမျိုးသမီးများပါဝင်မှု တိုးတက်လာစေရန် ဦးတည်ပြီး ပြင်ဆင်မွမ်းမံသည့် နည်းဥပဒေများ | ၂၀၁၉ - ၂၀၂၀ |
| | | ၁.၁.၄ | ပြင်ဆင်သည့် နည်းဥပဒေများ နှင့် စပ်လျဉ်း၍ နိုင်ငံရေး ပါတီများ၊ မသန်စွမ်းသူများ၊ အရပ်ဘက်လူမှုအဖွဲ့ အစည်းများ၊ သက်ဆိုင်ရာဝန်ကြီး ဌာနများ၊ အမျိုးသမီး အဖွဲ့အစည်းများ နှင့် ညှိနှိုင်း အစည်းအဝေး ပြုလုပ်ခြင်း။ ယင်း ညှိနှိုင်း အစည်း အဝေးများတွင် ကျား/မ ဦးရေ မျှတစွာပါဝင်စေခြင်း။ | ကော်မရှင်၊ ပြင်ဆင်ရေးဆွဲရေး အဖွဲ့ | ၁။ ပြန်လည်သုံး သပ်သည့် အရေအတွက် နှင့် ညှိနှိုင်း အစည်း အဝေးများတွင် အမျိုးသမီးများ ပါဝင်မှု အရေအတွက်<br>၂။ ကျား/မတန်းတူညီမျှမှုကို ဦးတည် သော အကြံပြုချက်များ<br>၃။ အမျိုးသမီးများ ပါဝင်မှု တိုးတက် လာစေရန် ဦးတည်ပြီး ပြင်ဆင်မွမ်းမံသည့် နည်း ဥပဒေများ | ၂၀၁၉ - ၂၀၂၀ |
| | | ၁.၁.၅ | ထုတ်ပြန်ပြဋ္ဌာန်းထားသော ဥပဒေ များ နှင့် နည်းဥပဒေများကို အွန်လိုင်း တွင် လွှင့်တင်ခြင်းနှင့် ပုံနှိပ်ထုတ်ဝေခြင်း။ ပြင်ဆင်ဖြည့်စွက် ထား သောဥပဒေ များကို ထုတ်ဝေရာတွင် အမျိုးသမီး အဖွဲ့များအားလုံးသိရှိစေရန် ဆောင်ရွက်ခြင်း။ | ကော်မရှင် | ၁။ ဥပဒေများနှင့် နည်းဥပဒေများ ပုံနှိပ်ထုတ်ဝေ သည့် အရေအတွက်<br>၂။ ဥပဒေများနှင့် နည်းဥပဒေများ ဖြန့်ဖြူးသည့် အရေအတွက်<br>၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဝက်ဘ်ဆိုက် မှတဆင့် ဥပဒေများနှင့် နည်းဥပဒေများအား လက်လှမ်းမီရရှိမှု အခြေအနေ | ၂၀၁၉ - ၂၀၂၀ |

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| ၁.၂ | ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းလမ်းညွှန်များကို ပြင်ဆင်ရာတွင် ကျား/မ တန်းတူညီမျှရေး နှင့် အမျိုးသမီးများ ကဏ္ဍမြှင့်တင်ရေးကို ထည့်သွင်း စဉ်းစား ဆောင်ရွက်ခြင်း။ | ၁.၂.၁ | ပြင်ဆင်ပြီးသော ဥပဒေ၊ နည်းဥပဒေများကို အခြေခံ၍ ကော်မရှင်အဖွဲ့ခွဲ အသီးသီးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကျား/မ တန်းတူညီမျှရေး လုပ်ငန်း အဖွဲ့၏ အကြံဉာဏ်များ ရယူပြီး လုပ်ငန်းလမ်းညွှန်များ ပြင်ဆင် ရေးဆွဲခြင်း၊ ဖြန့်ဝေခြင်း။ | ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့် | ၁။ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများအကြား ညှိနှိုင်းဆွေးနွေးပွဲအရေအတွက်<br>၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကျား/မတန်းတူညီမျှရေး လုပ်ငန်း အဖွဲ့မှ ပါဝင်တက် ရောက်သူ အရေအတွက်<br>၃။ အမျိုးသမီးများ နိုင်ငံရေးတွင် ပိုမိုပါဝင်လာရေး၊ နိုင်ငံရေးတွင် ကျား/မ တန်းတူညီမျှစွာပါဝင်ရေးကို ထည့်သွင်းစဉ်းစားသည့် ပြင်ဆင်ပြီးသော လုပ်ငန်း လမ်းညွှန်များ<br>၄။ ထုတ်ဝေသည့် လုပ်ငန်းလမ်းညွှန် အရေအတွက်<br>၅။ ဖြန့်ဝေသည့် အရေအတွက် | ၂၀၁၉ - ၂၀၂၀ |
| | | ၁.၂.၂ | ပြင်ဆင်ပြီးသော လုပ်ငန်း လမ်းညွှန်များ၊ ညွှန်ကြား ချက်များ၊ ကျင့်ဝတ်များကို ပုံနှိပ်ဖြန့်ဝေခြင်း၊ တိုင်းရင်းသား ဘာသာစကားဖြင့် ပုံနှိပ်ဖြန့်ဝေခြင်း။ | ကော်မရှင်၊ ပြင်ဆင်ရေးဆွဲရေး အဖွဲ့၊ ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်၊ တိုင်းရင်းသား စာပေယဉ်ကျေးမှု အဖွဲ့အစည်းများ | ၁။ ဘာသာပြန်ဆိုထားသည့် တိုင်းရင်းသား ဘာသာစကား အရေအတွက်<br>၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကျား/မတန်းတူညီမျှရေး လုပ်ငန်း အဖွဲ့နှင့် ညှိနှိုင်း၍ ကော်မရှင်အဖွဲ့ခွဲများတွင် လုပ်ငန်းလမ်းညွှန်များကို ဖြန့်ဝေခြင်း<br>၃။ ဘာသာပြန်ဆိုပြီးသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန် နှင့် ညွှန်ကြားချက်များကို ပုံနှိပ်သည့် အရေအတွက်<br>၄။ ပုံနှိပ်ထားသည့် စာအုပ်စာတမ်းများကို ဖြန့်ဝေသည့် အရေအတွက် | ၂၀၁၉ - ၂၀၂၀ |

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| ၁.၃ | ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များ၊ညွှန်ကြားချက်များ၊ ကျင့်ဝတ်များ၊ မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားသည့် ကတိကဝတ်များ စသည့် သတင်းအချက်အလက်များကို ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ရှိ ကျား/မ အားလုံးအလွယ်တကူ လက်လှမ်းမီရရှိစေရန် ဆောင်ရွက်ခြင်း။ တိုင်းရင်းသားနယ်မြေများရှိ ကော်မရှင်အဖွဲ့ခွဲများတွင် တိုင်းရင်း သား ဘာသာ စကားဖြင့်ရရှိနိုင်အောင် ဆောင်ရွက်ထား ရှိခြင်း။ | ၁.၃.၁ | ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများမှ ကျား/မအားလုံး ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်း လမ်းညွှန်များ၊ ညွှန်ကြားချက်များ၊ ကျင့်ဝတ်များ၊ မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားသည့် ကတိကဝတ်များ စသည်တို့ကို စာရွက် စာတမ်းဖြင့်လည်းကောင်း၊ အီလက်ထရောနစ်ဖားရင်း (Soft copy) ဖြင့် လည်းကောင်း ရရှိနိုင်ရန် ဆောင်ရွက်ထားရှိခြင်း။ | ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့် | ၁။ အီလက်ထရောနစ် ဖိုင်ပုံစံ ဖြင့် ဖြန့်ဝေပေး သည့် ဥပဒေများ၊ နည်းဥပဒေများ အရေအတွက်<br>၂။ စာအုပ်/စာရွက်စာတမ်းဖြင့် ဖြန့်ဝေသည့် သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲများတွင် ရရှိနိုင်သည့် ဥပဒေ၊ နည်းဥပဒေများ အရေအတွက် | ၂၀၁၉ - ၂၀၂၀ |
| | | ၁.၃.၂ | ကော်မရှင် နှင့်ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်က လွှတ်တော် မှ မေးခွန်းများ ဖြေကြားရာတွင် ဥပဒေ၊ နည်းဥပဒေများဆိုင်ရာ အကြံညာဏ်များ ပေး ခြင်း | ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲ များ | ၁။ ကော်မရှင် သို့တင်ပြသည့် ဥပဒေဆိုင်ရာ အကြံပြု ချက်များ<br>၂။ လွှတ်တော်မှ မေးခွန်းများကို ဖြေကြားရာတွင် ဥပဒေဆိုင်ရာ အကြံပြု ချက်များပေးခြင်း | ၂၀၂၀ (လွှတ်တော် အစည်း အဝေး ရှိသည့် ကာလများ) |
| ၁.၄ | မဟာဗျူဟာအခန်း (၅) ဖော်ဆောင်ရာတွင် ကော်မရှင်နှင့်ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ရှိ ကျား/မ အားလုံးအား ကျား/မ တန်းတူညီမျှရေးနှင့် အမျိုးသမီး များကဏ္ဍ မြှင့်တင်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ မူဝါဒများကို အသိပညာ ပေးခြင်း။ | ၁.၄.၁ | ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ များကို ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့် သို့ အသိပညာပေးရာတွင် ကျား/မ တန်းတူညီမျှရေး လုပ်ငန်း အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်၍ အသိပညာပေး ခြင်း။ | ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲ များ | ၁။ အသိပညာပေး အစီအစဉ်များ/ သင်တန်း အရေအတွက်<br>၂။ သင်တန်းကြာချိန်<br>၃။ သင်တန်းသား အရေအတွက်<br>၄။ ဖြန့်ဝေသည့် ဥပဒေ၊ နည်းဥပဒေများ | ၂၀၁၉ - ၂၀၂၀ |



## ကျား/မတန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍ မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းအစီအစဉ်

အခန်း ၂။ ဝန်ထမ်းများ၏ကျွမ်းကျင်မှုစွမ်းရည်မြှင့်တင် ဆောင်ရွက်ရေး လုပ်ငန်းအစီအစဉ်များ

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| ၂.၁ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အတွက် ကျား/မ အသိပညာမြှင့်တင်ရေး သင်တန်း များ/အလုပ်ရုံ ဆွေးနွေးပွဲများ ပြုလုပ်ခြင်းနှင့် ကော်မရှင်၏သင်တန်းများ အားလုံးတွင် ကျား/မတန်းတူညီမျှရေး သင်ခန်းစာတစ်ခု ထည့်သွင်းပို့ချခြင်း။ | ၂.၁.၁ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် နှင့် ကော်မရှင် အဖွဲ့ခွဲများ အတွက် ဖွင့်လှစ်သော သင်တန်း တိုင်းတွင် သင်တန်းသားနှင့် သင်တန်းသူ ဦးရေ မျှတစွာ ပါဝင်ရန်။ | ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ များ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ | ၁။ ပို့ချသည့် သင်တန်းများ တွင် ပါဝင်သည့် အမျိုးသမီး ရာခိုင်နှုန်း | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဇွန် |
| | | ၂.၁.၂ | ကော်မရှင်ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့် သင်တန်းများ၊ စီမံ ချက်များ ရေးဆွဲရာ တွင် ကျား/မ တန်းတူညီမျှ ရေး ကို ထည့်သွင်းစဉ်စား ခြင်း။ | ကော်မရှင်၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ | ၁။ ကျား/မတန်းတူညီမျှ ရေးကို ထည့်သွင်း စဉ်းစားသည့် သင် တန်းများ၊ စီမံ ချက်များ | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဇွန် |
| | | ၂.၁.၃ | ပို့ချမည့် သင်တန်းများ အလိုက် သင်ရိုးညွှန်းတမ်းများ ရေးဆွဲရာတွင် ကျား/မတန်းတူညီမျှ ရေးကို ထည့်သွင်း စဉ်စားခြင်း။ | ကော်မရှင်၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ | ၁။ ကျား/မတန်းတူညီမျှ ရေးကို ထည့်သွင်း စဉ်းစားထားသည့် သင်ရိုးညွှန်းတမ်း အရေအတွက်<br>၂။ ကျား/မ တန်းတူညီမျှရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းများ | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဇွန် |

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| | | ၂.၁.၄ | သင်တန်းဖွင့်လှစ်ပို့ချမည့် စီမံချက် နှင့်အညီ သင်တန်းများ ဖွင့်လှစ် ပို့ချခြင်း နှင့် ကျား/မ တန်းတူညီ မျှရေး အသိပညာပေးပွဲများ ထည့်သွင်း ဆောင်ရွက်ခြင်း။ | ကော်မရှင်၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ | ၁။ ကျား/မ တန်းတူညီ မျှရေး အသိပညာပေးပွဲများ အရေအတွက်<br>၂။ အသိပညာပေးပွဲများတွင် ပါဝင်သည့် အမျိုးသမီး ရာခိုင် နှုန်း | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဖွန် |
| ၂.၂ | လုပ်ငန်းခွင်လုံခြုံရေး မူဝါဒများချမှတ်ခြင်း။ (ဥပမာ – လူမှုဝန်ထမ်းဦးစီးဌာန သို့မဟုတ် အခြားသောဝန်ကြီးဌာနမှ ကိုးကားရယူရန်၊ သို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဖော်ထုတ်သတ်မှတ်ရန်) | ၂.၂.၁ | ကျား/မတန်းတူ ညီမျှမှုရှိစေမည့် လုပ်ငန်းခွင် လုံခြုံရေး မူဝါဒများ ကို စီမံချက် ရေးဆွဲဆောင်ရွက် ရန်။ | ကော်မရှင်၊ ကျား/မတန်းတူ ညီမျှရေး လုပ်ငန်း အဖွဲ့ | ၁။ ကျား/မတန်းတူ ညီမျှ ရှိစေမည့် လုပ်ငန်းခွင် လုံခြုံ ရေး မူဝါဒ | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဖွန် |
| ၂.၃ | လုပ်ငန်းခွင်တွင် အမျိုးသမီးများအား အကြမ်းဖက်မှုနှင့် အနှောင့်အယှက်ပြုမှုများမှ ကာကွယ်စောင့်ရှောက်နိုင်ရန် လိုအပ် သည့် အစီအမံများ စီစဉ် ဆောင်ရွက်ခြင်း။ | ၂.၃.၁ | လုပ်ငန်းခွင်တွင် အမျိုးသမီးများအား အကြမ်းဖက်မှုနှင့် အနှောင့် အယှက် ပြုမှုများအား ကာကွယ်ရေး မူဝါဒ အား ရေးဆွဲပြုစု ခြင်း။ | ကော်မရှင်၊ ကျား/မတန်းတူ ညီမျှရေး လုပ်ငန်း အဖွဲ့ | ၁။ လက်ရှိ နှင့် အသစ် ရေးဆွဲသည့် မူဝါဒ<br>၂။ ရေးဆွဲသည့် မူဝါဒကို အတည်ပြုခြင်း<br>၃။ ရေးဆွဲသည့် မူဝါဒကို ကော်မရှင် နှင့် ကော်မရှင် အဖွဲ့ခွဲများတွင် အကောင်အထည် ဖော်မှု အခြေအနေ | ၂၀၁၉ |
| | | ၂.၃.၂ | လုပ်ငန်းခွင်တွင် အမျိုးသမီးများအား အကြမ်းဖက်မှုနှင့် အနှောင့် အယှက် ပြုမှုများအား တိုင်ကြားခြင်းနှင့် အရေးယူ ဆောင်ရွက်ရန် နည်းလမ်းများအား ဖော်ထုတ်သတ်မှတ်ခြင်း။ | ကော်မရှင်၊ ကျား/မတန်းတူ ညီမျှရေး လုပ်ငန်း အဖွဲ့ | ၁။ လက်ရှိ နှင့် အသစ်ဖော်ထုတ် ရေးဆွဲသည့် တိုင်ကြားခြင်း နှင့် အရေးယူ ဆောင်ရွက်ရန် နည်းလမ်း များ<br>၂။ ထိုနည်းလမ်းများကို ကော်မရှင် နှင့် ကော်မရှင် အဖွဲ့ခွဲများတွင် အကောင် အထည် ဖော်မှု အခြေအနေ | ၂၀၁၉ |

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | | လုပ်ငန်းစဉ်အဆင့်ဆင့် | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| ၂.၄ | ဝန်ထမ်းများခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်နိုင်သော အဆင့်များတွင် အမျိုးသမီးများပါဝင်မှု မြှင့်တင်ရေးကို ဆောင်ရွက်ခြင်း။ | ၂.၄.၁ | ဝန်ထမ်း ခန့်အပ်ထားမှုနှင့် ဝန်ထမ်းလိုအပ်ချက်အား စိစစ်၍ ဝန်ထမ်းအသစ် ခေါ်ယူခြင်းနှင့် တိုးချဲ့ခန့်ထားရာတွင် အမျိုးသားနှင့် အမျိုးသမီးဦးရေမျှတစွာ ပါဝင်ရန် ထည့်သွင်းစဉ်းစားခြင်း။ | ကော်မရှင် | ၁။ ဝန်ထမ်းအသစ် ခေါ်ယူ သည့်/ တိုးချဲ့ခန့်ထားသည့် အမျိုးသား နှင့် အမျိုးသမီး ဦးရေနှင့် ရာခိုင်နှုန်းများ | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဖွန် |
| | | ၂.၄.၂ | ဝန်ထမ်းများအား ရာထူးတိုးမြှင့်ပေးခြင်းဆိုင်ရာ မူဝါဒများတွင် ကျား/မ တန်းတူညီမျှရှိစေရန် ထည့်သွင်းစဉ်းစားဆောင်ရွက် ခြင်း။ | ကော်မရှင် | ၁။ ကျား/မ တန်းတူညီမျှ ရှိစေရန် ထည့်သွင်းစဉ်းစား သည့် ဝန်ထမ်းများအား ရာထူး တိုးမြှင့်ပေးခြင်း ဆိုင်ရာ မူဝါဒ များ | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဖွန် |
| | | ၂.၄.၃ | ရွေးကောက်ပွဲ၏ လိုအပ်ချက် အပေါ်မူတည်၍ ဝန်ထမ်းတိုးချဲ့ခန့်အပ်ခြင်းနှင့် အခြားဝန်ကြီးဌာ နများမှ ဝန်ထမ်းများအား တွဲဖက် တာဝန် ပေးအပ်ရာတွင် အမျိုးသားနှင့် အမျိုးသမီးဦးရေ မျှတစွာ ပါဝင်ရန် ထည့်သွင်းစဉ်းစားခြင်း။ | ကော်မရှင်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ | ၁။ ဝန်ထမ်းတိုးချဲ့ခန့်အပ်သည့်/ အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းများအား တွဲဖက် တာဝန် ပေးအပ်သည့် အမျိုးသားနှင့် အမျိုး သမီး ရာခိုင်နှုန်းများ | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဖွန် |

## ကျား/မတန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍ မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းအစီအစဉ်

အခန်း ၃။ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းအစီအစဉ်များ

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| ၃.၁ | ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းစဉ်များတွင် ကျား/မတန်းတူညီမျှစွာ ပါဝင်ရေး။ သက်ဆိုင်ရာဌာနများ (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန) နှင့် ညှိနှိုင်း ဆောင်ရွက်ရာတွင်လည်းကောင်း၊ မဲဆန္ဒရှင်စာရင်းလုပ်ငန်းအဖွဲ့များတွင်လည်းကောင်း ကျား/မတန်းတူညီမျှစွာ ပါဝင်စေရေး ဆောင်ရွက်ခြင်း။ | ၃.၁.၁ | မဲဆန္ဒရှင်စာရင်းပြုစုခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းကော်မတီအဆင့်ဆင့်နှင့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းရာတွင် ကျား/မတန်းတူညီမျှစွာ ပါဝင်စေရန် ဆောင်ရွက်ခြင်း။ | ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ | ၁။ ဖွဲ့စည်းခဲ့သည့် လုပ်ငန်းကော်မတီအရေအတွက် နှင့် ပါဝင်သည့် အမျိုးသမီး ရာခိုင်နှုန်း<br>၂။ လုပ်ငန်းအဖွဲ့အရေအတွက်နှင့် အဖွဲ့အလိုက် ပါဝင်သည့် အမျိုးသမီး ရာခိုင်နှုန်း | ၂၀၁၉ ဇန်နဝါရီ – မေ |
| | | ၃.၁.၂ | ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်အလိုက်သက်ဆိုင်သည့် အဖွဲ့အစည်းများ နှင့် ညှိနှိုင်းဆောင်ရွက်ရာတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေခြင်း။ | ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ | ၁။ ပူးပေါင်း ဆောင်ရွက်သည့် အဖွဲ့အစည်းများ<br>၂။ ညှိနှိုင်းဆွေးနွေးပွဲ အရေအတွက်<br>၃။ ပါဝင်သည့် အမျိုးသမီး ရာခိုင်နှုန်း<br>၄။ အမျိုးသမီးများ ပါဝင်ဆောင် ရွက်သည့် ကဏ္ဍများ | ၂၀၁၉ ဇန်နဝါရီ – မေ |
| | | ၃.၁.၃ | မဲစာရင်းပြုစုမည့် လုပ်ငန်းအဖွဲ့များအား သက်ဆိုင်ရာ သင်တန်းများပို့ချရာတွင် ကျား/မတန်း တူညီမျှစွာ ပါဝင်စေရန် ဆောင် ရွက်ခြင်း။ | ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ | ၁။ သင်တန်းသား ဦးရေနှင့် အမျိုးသမီး သင်တန်းသူ ရာခိုင်နှုန်း<br>၂။ သင်တန်းအရေအတွက် | ၂၀၁၉ ဇူလိုင် – ဩဂုတ် |

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| | | ၃.၁.၄ | မဲစာရင်းပါမဲဆန္ဒရှင် ကျား/မစာရင်းကို မှတ်တမ်းတင်ထားရှိခြင်း။ | ကော်မရှင်၊ ကျား/မ တန်းတူ ညီမျှရေး လုပ်ငန်း အဖွဲ့ | ၁။ နှစ်အလိုက် မှတ်တမ်းထားရှိသည့် မဲစာရင်းပါ မဲဆန္ဒရှင်များ (ကျား/မ) အရေအတွက် | ၂၀၂၀ ဇူလိုင် – ၂၀၂၁ |
| ၃.၂ | မဲစာရင်းနှင့် သက်ဆိုင်သည့် သတင်း အချက်အလက်များအားလုံးကို ကျား/မ တန်းတူညီမျှစွာ လက်လှမ်းမီသိရှိနိုင်ရေး အတွက် ဆောင်ရွက်ခြင်း။ | ၃.၂.၁ | မဲဆန္ဒရှင်စာရင်းအား ကပ်ထား ကြေညာရာတွင် အမျိုးသမီးများ အလွယ်တကူ လက်လှမ်းမီ သိရှိနိုင်စေ ရန် ဆောင်ရွက်ခြင်း | ကော်မရှင်၊ ကော်မရှင်အဖွဲ့ ခွဲများ၊ အရပ်ဘက် လူမှုအဖွဲ့စည်းများ၊ အစိုးရမဟုတ် သော နိုင်ငံတကာ အဖွဲ့အစည်းများ | ၁။ မဲစာရင်းလာရောက်ကြည့်ရှုသည့် အမျိုးသမီး မဲဆန္ဒရှင် ရာခိုင် နှုန်း<br>၂။ မဲစာရင်းများကပ်ထား ကြေညာခဲ့သည့်နေရာ အရေအတွက် | ၂၀၂၀ ဇူလိုင် – နိုဝင်ဘာ |
| ၃.၃ | မဲစာရင်းပြုစုခြင်းနှင့် စပ်လျဉ်း၍ အချက် အလက်များ စစ်ဆေးခြင်း၊ အမည် ထည့်သွင်းရန် တောင်းဆိုခြင်း၊ ပြင်ဆင် ခြင်း၊ ကန့်ကွက်ခြင်းတို့ကို အမျိုးသမီးများ စိတ်ပါဝင်စား၍ ပါဝင်လာစေရန် ရွေးကောက်ပွဲ နှင့် သက်ဆိုင်သူ များ (electoral stakeholders) က ပူးပေါင်း ဆောင်ရွက်ခြင်း။ | ၃.၃.၁ | မဲဆန္ဒရှင်များမှ မဲဆန္ဒရှင်စာရင်း လာ ရောက်ကြည့်ရှု၍ အချက်အလက်များ စစ်ဆေးခြင်း၊ အမည် ထည့်သွင်း ရန် တောင်းဆိုခြင်း၊ ပြင်ဆင်ခြင်း၊ ကန့်ကွက်ခြင်းလုပ်ငန်း စသည့်လိုအပ် ချက် များ ပြင်ဆင်ပေးရန် နှိုးဆော် အသိ ပညာပေးရာတွင် အမျိုးသမီး မဲဆန္ဒရှင် များ အလွယ် တကူ လက်လှမ်းမီ သိရှိနိုင်အောင် ဆောင်ရွက်ခြင်း | ကော်မရှင်၊ ကော်မရှင်အဖွဲ့ ခွဲများ၊ အရပ်ဘက် လူမှုအဖွဲ့စည်းများ၊ အစိုးရမဟုတ် သော နိုင်ငံတကာ အဖွဲ့အစည်းများ | ၁။ ပညာပေးလက်ကမ်း စာစောင် အရေအတွက်<br>၂။ ရုပ်သံ/ရေဒီယို မှ ထုတ်လွှင့် သည့် အကြိမ်ရေ<br>၃။ အမျိုးသမီးမဲဆန္ဒရှင် များ လက် လှမ်းမီသည့် ပညာပေး အစီအစဉ် များဆောင်ရွက်မှု (အသိပညာ ပေး သည့် အဖွဲ့အစည်း၊ အစီအစဉ် အရေ အတွက်၊ အသိပညာပေးသည့် နေရာ များ) | ၂၀၂၀ စက်တင်ဘာ |

## မဟာမျှဝေဟာစီမံကိန်း (၄)

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများ



## မဟာမျှဝေဟာစီမံကိန်း (၅)

ပြည်သူလူထုနှင့် မဲဆန္ဒရှင်အသိပညာပေးခြင်း




## မဟာမျှဝေဟာစီမံကိန်း (၆)

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ပေါ်ပေါက်လာနိုင်သည့် အငြင်းပွားမှုများ၊ တိုင်ကြားမှုများနှင့် ကန့်ကွက်မှုများကို ဖြေရှင်းခြင်း



## ကျား/မတန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍ မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းအစီအစဉ်

### အခန်း ၄။ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုလုပ်ငန်းအစီအစဉ်များ

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| ၄.၁ | ရွေးကောက်ပွဲလုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တွင် အမျိုးသမီးများပိုမိုပါဝင်စေခြင်း။ (ဥပမာ – လုံခြုံရေးစီမံခန့်ခွဲမှု ကော်မတီ၊ ကော်မရှင်ဝန်ထမ်းများ၊ မဲရုံအဖွဲ့ဝင်များ၊ စေ့စပ်ညှိနှိုင်းရေး ကော်မတီစသည်) | ၄.၁.၁ | မဲဆွယ်ကာလ၊ မဲပေးသည့် နေ့နှင့် မဲရလဒ် များ ကြေညာခြင်းတို့ အတွက် လုံခြုံရေးစီမံချက်ရေးဆွဲပြီး ရွေးကောက်ပွဲ လုံခြုံရေး ဆိုင်ရာ ကော်မတီ တစ်ရပ် ကို ဖွဲ့စည်းရာတွင် အမျိုးသမီးများအား ပိုမိုထည့်သွင်း ဖွဲ့စည်းခြင်း၊ | ကော်မရှင်၊ ပြည်ထဲရေး ဝန်ကြီးဌာန၊ လုံခြုံရေး ဆိုင်ရာတာဝန်ရှိ သူများ၊ တိုင်းရင်းသား လူနည်းစု အမျိုးသမီးများ နှင့် ရပ်ရွာ လူကြီးများ၊ | ၁။ ရွေးကောက်ပွဲလုံခြုံရေးကော်မတီထူထောင် ပြီး လုံခြုံရေးစီမံချက်ကို အတည်ပြုချက် ရရှိခြင်း၊ | ၂၀၁၉ ဇန်နဝါရီ – ၂၀၂၀ နိုဝင်ဘာ |
| | | ၄.၁.၂ | ရွေးကောက်ပွဲလုပ်ငန်းစဉ် အဆင့် တိုင်းတွင် အမျိုးသမီးများ ပါဝင်မှု မြှင့်တင်ရန် စည်းရုံးဆော်ဩခြင်း/ အသိပညာပေးခြင်း။ | ကော်မရှင်၊ ကျား/မတန်းတူ ညီမျှရေး လုပ်ငန်း အဖွဲ့ အရပ်ဘက် လူမှုအဖွဲ့အစည်း များ၊ အစိုးရမဟုတ် သော နိုင်ငံတကာ အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ | ၁။ အသိပညာပေး အစီအစဉ်များ ဆောင်ရွက် သည့် အဖွဲ့အစည်းများ<br>၂။ အသိပညာပေး ဆွေးနွေးပွဲ အ ရေအတွက်<br>၃။ ဆွေးနွေးပွဲတွင် ပါဝင်သည့် အမျိုးသမီး ရာခိုင်နှုန်း<br>၄။ အသိပညာပေးသည့် အဖွဲ့အစည်းများ | ၂၀၁၉ ဇန်နဝါရီ – ၂၀၂၀ နိုဝင်ဘာ |

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| | | ၄.၁.၃ | ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များကို တိုင်းရင်းသားဘာသာစကားပေါင်းစုံဖြင့် ပုံနှိပ်ဖြန့်ဝေခြင်း၊ မသန်စွမ်းသူများကိုယ်တိုင် မဲရုံသို့ လာရောက် ဆန္ဒမဲပေးနိုင်အောင် ဆောင်ရွက်ပေးခြင်းဖြင့် အားလုံးပါဝင်မှုကိုမြှင့်တင်ခြင်း၊ | ကော်မရှင်၊ သုတေသနနှင့် မှတ်တမ်းဌာန၊ ကော်မရှင် အဖွဲ့ခွဲများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ | ၁။ ရေဒီယို၊ ရုပ်မြင်သံကြား၊ အင်တာနက်၊ တွင် ထုတ်လွှင့်မှု<br>၂။ ထုတ်ဝေသည့် သတင်းစာ၊ ဂျာနယ်၊ လက်ကမ်းစာစောင် အရေအတွက်၊<br>၃။ အထောက်အကူပြုအစီအစဉ်များ ဆောင်ရွက်ပေးမှု | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ နိုဝင်ဘာ |
| | | ၄.၁.၄ | မဲရုံသို့ လာရောက် ဆန္ဒမဲပေးသည့် သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် ကလေးသူငယ်များ အားလိုအပ်သောအကူအညီများ ဆောင်ရွက်ပေးခြင်း၊ | ကော်မရှင်၊ ကော်မရှင် အဖွဲ့ခွဲများ နှင့် အရပ်ဘက် လူမှုအဖွဲ့ အစည်းများ၊ | ၁။ ကူညီပံ့ပိုးမည့်အဖွဲ့အစည်း အရေအတွက်<br>၂။ အထောက်အကူပြုအစီအစဉ်များ ဆောင်ရွက်ပေးမှု | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ နိုဝင်ဘာ |

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| ၄.၂ | ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်း ဆောင်ရွက်မှုအဆင့်ဆင့် တွင်ပါဝင် သည့် အမျိုးသမီးများ၏ လုံခြုံရေးကို သက်ဆိုင် ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းမြှင့်တင် ဆောင်ရွက်ခြင်း။ | ၄.၂.၁ | ရွေးကောက်ပွဲလုပ်ငန်းစဉ် တစ်ခုလုံး ပိုမိုကောင်းမွန်စေရန်နှင့် လုံခြုံမှုရှိစေ ရန် သက်ဆိုင်ရာဝန်ကြီးဌာများနှင့် ပူးပေါင်းမြှင့်တင်ဆောင်ရွက်ခြင်း၊ | ကော်မရှင်၊ ကော်မရှင် အဖွဲ့ခွဲများ၊ သက်ဆိုင် ရာဝန်ကြီးဌာန နှင့် အရပ်ဘက် လူမှုအဖွဲ့အစည်း များ၊ | ၁။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း ဆောင်ရွက်မှုအစီအစဉ်များ<br>၂။ အသိပညာပေးဆောင်ရွက်မှု အစီအစဉ်များ (ဆွေးနွေးပွဲ/တက်ရောက်သူဦးရေ စသည်) | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ နိုဝင်ဘာ |
| | | ၄.၂.၂ | ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး ကော်မတီများ၊ ပဋိပက္ခဖြေရှင်းရေး ဗျူဟာအတွက် အသုံးဝင်မည့် ရွေးကောက်ပွဲဆိုင်ရာ အခက်အခဲများ ကို ဆန်းစစ်သည့် နည်းလမ်းတစ်ခု ရေးဆွဲခြင်းနှင့် အသုံးပြုခြင်း၊ | ကော်မရှင်၊ လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများ၊ | ၁။ ရွေးကောက်ပွဲဆိုင်ရာအခက်အခဲများ ဆန်းစစ် သည့်နည်းလမ်းရေးဆွဲပြီး၊ နည်းလမ်းအ ကြောင်းသင်ကြားပို့ချခြင်းခံရသည့်ကော်မရှင် ဝန်ထမ်းအရေအတွက်၊<br>၂။ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးကော်မတီသို့ တင်ပြဖော်ထုတ် သိရှိရသည့် အခက်အခဲ အရေအတွက်၊ | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ နိုဝင်ဘာ |
| | | ၄.၂.၃ | မဲဆွယ် စည်းရုံးရေး ဆောင်ရွက် သွားလာရာတွင် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်လောင်း များ၏ လုံခြုံရေး အတွက်ပူးပေါင်း ညှိနှိုင်း ဆောင်ရွက်ခြင်း၊ | ကော်မရှင်၊ တိုင်း/ပြည်နယ် ကော်ခွဲ၊ပြည်ထဲရေး ဝန်ကြီးဌာန၊ လုံခြုံရေးဆိုင်ရာ တာဝန်ရှိ သူများ နှင့် နိုင်ငံရေးပါတီ များ၊ | ၁။ ညှိနှိုင်းဆောင်ရွက်သည့် အကြိမ် အရေအတွက်၊ | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ နိုဝင်ဘာ |

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| | | ၄.၂.၄ | ဝေးလံခေါင်ဖျားဒေသများနှင့် တိုင်းရင်းသား လက်နက်ကိုင်များရှိသည့်ဒေသရှိအမျိုးသမီး မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင် ဝန်ထမ်းများအတွက် အထူးလုံခြုံရေး ဆောင်ရွက်ပေးခြင်း၊ | ကော်မရှင်၊ လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများ၊ | ၁။ အထူးလုံခြုံရေးဆောင်ရွက်ပေးထားသည့် ဒေသနှင့် လုံခြုံရေးအစီအမံများ | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ နိုဝင်ဘာ |
| ၄.၃ | ရွေးကောက်ပွဲလုပ်ငန်းဆောင်ရွက်မှုနှင့် ဘတ်ဂျက်များစီစဉ်ရေးဆွဲရာတွင် ကျား/မ တန်းတူညီမျှရေးကို ထည့်သွင်းစဉ်းစားသော ဘတ်ဂျက် **(Gender sensitive budget)** ဖြစ်စေရန် ဆောင်ရွက်ခြင်း။ | ၄.၃.၁ | အထွေထွေရွေးကောက်ပွဲနှင့် ကြားဖြတ်ရွေးကောက်ပွဲ များအတွက် (လစ်လပ် နေရာများရှိလာပါက ) ရွေးကောက်ပွဲ ဆိုင်ရာစီမံချက် ရေးဆွဲခြင်းနှင့် အတည်ပြုခြင်း၊ မဲဆန္ဒနယ် သတ်မှတ် ခြင်း၊ မဲရုံနေရာ သတ်မှတ် ခြင်း၊ မဲရုံသုံး ပစ္စည်းများစုဆောင်းခြင်း၊ ရွှေ့ပြောင်း ခြင်း၊ ဆက်သွယ်ရေး၊ မဲရုံဝန်ထမ်းစု ဆောင်း ခြင်းနှင့် သင်တန်း များပေးခြင်း၊ မဲရလဒ်များ စီမံခန့်ခွဲခြင်း၊ လုံခြုံရေးဆိုင်ရာ အစီအမံများစသည်တို့ကိုရေးဆွဲ ရာတွင် **gender sensitive budget** ကိုထည့်သွင်း ရေးဆွဲခြင်း၊ | ကော်မရှင်၊ ကော်မရှင် အဖွဲ့ခွဲများ | ၁။ အထွေထွေရွေးကောက်ပွဲနှင့်ကြားဖြတ် ရွေးကောက်ပွဲများ ဆိုင်ရာလုပ်ငန်း ဆောင်ရွက်မှု စီမံချက်များနှင့် ဘတ်ဂျက် ရေးဆွဲခွင့်ပြုချက်ရရှိပြီးဒေသဆိုင်ရာရုံးများ သို့ ဖြန့်ဝေပြီးစီးမှုအခြေအနေ (ပစ္စည်းများ ဖြန့်ဝေပြီးစီးခြင်းရှိ/မရှိ) | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ နိုဝင်ဘာ |

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| ၄.၄ | ရွေးကောက်ပွဲ လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တွင် ပါဝင်သူများ၏ ကျား/မ ဆိုင်ရာ အချက်အလက်များ (gender data) ကို ပြုစုထားရှိခြင်း။ (ဥပမာ - အမျိုးသမီး/အမျိုးသား မဲဆန္ဒရှင် အရေအတွက်၊ အမျိုးသမီး/အမျိုးသား ကိုယ်စားလှယ်လောင်း အရေအတွက် စသည်) | ၄.၄.၁ | ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ရှိ ဝန်ထမ်းအရေအတွက်၊ မဲဆန္ဒရှင်အရေအတွက်၊ ကိုယ်စား လှယ်လောင်း အရေအတွက်၊ လွှတ်တော် ကိုယ်စားလှယ် အရေ အတွက်များကို ကျား/မ ဦးရေ စာရင်း ပြုစုခြင်း၊ | ကော်မရှင်၊ ကော်မရှင် အဖွဲ့ခွဲများ | ၁။ အမျိုးအစား အလိုက် ပြုစုထားသည့် အမျိုးသား/အမျိုးသမီး အရေ အတွက်များ | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ နိုဝင်ဘာ |



| ကျား/မတန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍ မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းအစီအစဉ် | | | | | | |
|---|---|---|---|---|---|---|
| အခန်း ၅။ ပြည်သူလူထုနှင့်မဲဆန္ဒရှင်အသိပညာပေးခြင်းလုပ်ငန်းအစီအစဉ်များ | | | | | | |
| **စဉ်** | **ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ** | **လုပ်ငန်းစဉ်အဆင့်ဆင့်** | | **တာဝန်ရှိသူ** | **လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ** | **ပြီးစီးရမည့် အချိန်** |
| ၅.၁ | ပြည်သူလူထုနှင့် မဲဆန္ဒရှင် အသိပညာပေး အစီအစဉ်များ၊ အထောက်အကူပြု ပစ္စည်းများအား ရေးဆွဲပြုစုရာတွင် ကျား/မတန်းတူ ညီမျှရေး (Gender balance) ကို အမြဲထည့်သွင်းစဉ်းစား ခြင်း။ | ၅.၁.၁ | ကျား/မတန်းတူညီမျှရေးကို စဉ်းစား ထည့်သွင်းထားသော မဲဆန္ဒရှင် အသိပညာပေး အစီအစဉ်များ/ အထောက်အကူပြုပစ္စည်းများ ရေးဆွဲပြုစုခြင်း | ကော်မရှင်၊ ကျား/မတန်းတူ ညီမျှရေးလုပ်ငန်း အဖွဲ့၊ အရပ်ဘက် လူမှုအဖွဲ့အစည်း များ၊ အစိုးရမဟုတ် သော နိုင်ငံတကာ အဖွဲ့အစည်းများ | ၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဝန်ထမ်းများ အတွက် ပြည်သူလူထု အသိ ပညာပေး သင်တန်း အရေအတွက်၊<br>၂။ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင် ပြည်သူ လူထုအသိပညာပေး သင်တန်း ကျင်းပပြုလုပ်သည့် အရေအတွက် (မဲရုံမှူး အဆင့်ထိ)<br>၃။ ကျား/မတန်းတူညီမျှရေး ကို ထည့်သွင်း စဉ်းစားထားသော မဲဆန္ဒရှင်အသိ ပညာပေး အစီအစဉ်အရေအတွက်<br>၄။ ကျား/မတန်းတူညီမျှရေး ကို ထည့်သွင်း စဉ်းစားထားသော မဲဆန္ဒရှင်အသိပညာပေး အထောက်အကူပြုပစ္စည်းအရေ အတွက်<br>၅။ တိုင်းရင်းသား ဘာသာ စကားဖြင့် မဲဆန္ဒရှင် အသိပညာပေးဆိုင်ရာ အထောက်အကူပြု ပစ္စည်းများ ပုံနှိပ်ထုတ်ဝေသည့် အကြိမ်အရေ အတွက်နှင့် ဖြန့်ဝေပေးနိုင်မှု | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ နိုဝင်ဘာ |

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| ၅.၂ | မဲဆန္ဒရှင် အသိပညာပေး လုပ်ငန်းများ တွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ၊ ကော်မရှင်အဖွဲ့ခွဲများ၊ ရွေးကောက်ပွဲ နှင့် သက်ဆိုင်သူများ **(stakeholders)** များမှ အမျိုးသမီးများ ပိုမိုပူးပေါင်း ပါဝင်လာစေရေး ဆောင်ရွက်ခြင်း။ | ၅.၂.၁ | မဲဆန္ဒရှင်အသိပညာပေးခြင်း ဆိုင်ရာဆွေးနွေးပွဲများပြုလုပ်ခြင်း၊ | ကော်မရှင်၊ ကော်မရှင် အဖွဲ့ခွဲများ၊ ကျား/မတန်းတူ ညီမျှရေးလုပ်ငန်း အဖွဲ့၊ အရပ် ဘက်လူမှုအဖွဲ့ အစည်းများ၊ အစိုးရ မဟုတ်သော နိုင်ငံ တကာ အဖွဲ့အစည်း များ၊ နိုင်ငံရေးပါတီ များ | ၁။ ဆွေးနွေးပွဲအရေအတွက်<br>၂။ ဆွေးနွေးပွဲတက်ရောက် သော အမျိုးသမီး ရာခိုင်နှုန်း | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ နိုဝင်ဘာ |
| ၅.၃ | မဲဆန္ဒရှင်အသိပညာပေး အစီအစဉ်များ၊ သတင်းအချက်အလက်များကို အမျိုး သမီးများလက်လှမ်းမီသိရှိနိုင်ရေး ဆောင်ရွက်ခြင်း။ | ၅.၃.၁ | အမျိုးသမီးများအတွက် ပိုမို အဆင်ပြေ စေသည့် နည်းလမ်း များဖြင့် မဲဆန္ဒရှင် အသိပညာပေး ခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်း | ကော်မရှင်၊ ကျား/မတန်းတူ ညီမျှရေးလုပ်ငန်း အဖွဲ့၊ အရပ်ဘက် လူမှုအဖွဲ့အစည်း များ၊ အစိုးရမဟုတ် သော နိုင်ငံတကာ အဖွဲ့အစည်းများ | ၁။ ရပ်ကွက်အတွင်း/ဈေးများ တွင်မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းများဆောင် ရွက်မှု အရေအတွက် (ဥပမာ-ပြဇာတ် ကပြမှု)<br>၂။ အမျိုးသမီးများအများစုရှိသည့်နေရာများ (ဥပမာ - စက်ရုံများ၊ ဈေးများ) တွင်ဖြန့်ဝေ သည့်မဲဆန္ဒရှင် အသိပညာပေး စာရွက်စာတမ်း များ အရေအတွက်<br>၃။ ရေဒီယို/ ရုပ်မြင်သံကြား မှ ထုတ်လွှင့်ပြသ သည့် မဲဆန္ဒရှင်အသိပညာပေး အစီအစဉ် အရေအတွက် | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ နိုဝင်ဘာ |

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| ၅.၄ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တို့၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် အသိပညာပေး သင်တန်းများတွင် ကျား/မ တန်းတူညီမျှရေးအသိပညာ (gender awareness) ကို ထည့်သွင်းခြင်း။ | ၅.၄.၁ | ကော်မရှင်က ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အတွက် သင်တန်းပို့ချရာတွင် ကျား/မ တန်းတူညီမျှရေးခေါင်းစဉ်ကို ထည့်သွင်းပို့ချခြင်း | ကော်မရှင်၊ ကျား/မတန်းတူညီမျှရေးလုပ်ငန်းအဖွဲ့ | ၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ဝန်ထမ်းများအတွက် ပြုလုပ်သည့် သင်တန်း အရေအတွက်<br>၂။ သင်တန်းတွင်ပါဝင်သည့် အမျိုးသမီးရာခိုင်နှုန်း | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ နိုဝင်ဘာ |
| | | ၅.၄.၂ | ကျား/မတန်းတူညီမျှရေး အသိပညာဆိုင်ရာသင်တန်း/ဆွေးနွေးပွဲများပြုလုပ်ခြင်း | ကော်မရှင်၊ ကျား/မတန်းတူညီမျှရေးလုပ်ငန်းအဖွဲ့ | ၁။ ဆွေးနွေးပွဲအရေအတွက်<br>၂။ ဆွေးနွေးပွဲတက်ရောက် သော အမျိုးသမီး ရာခိုင်နှုန်း | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ နိုဝင်ဘာ |
| | | ၅.၄.၃ | သင်ရိုးညွှန်းတမ်းများသည် ကျား/မ တန်းတူညီမျှရေးကို ထည့်သွင်း ဖော်ဆောင် သည့် သင်ရိုးညွှန်းတမ်းများ ဖြစ်စေရန် ဆောင်ရွက်ခြင်း | ကော်မရှင်၊ ကျား/မတန်းတူညီမျှရေးလုပ်ငန်းအဖွဲ့ | ၁။ ကျား/မ တန်းတူညီမျှရေး ကို ထည့်သွင်း ဖော်ဆောင် သည့် သင်ရိုးညွှန်းတမ်း အရေအတွက် ( လက်စွဲ၊ လမ်းညွှန် စသည်) | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ နိုဝင်ဘာ |
| | | ၅.၄.၄ | အမျိုးသမီးများ (အမျိုးသမီး ကိုယ်စားလှယ်လောင်းများ) အား လူမှုကွန်ရက်အသုံးပြု၍ အနှောင့်အယှက်ပြုမှုများ၊ အမုန်းစကား ပြန့်ပွားမှုများနှင့် စပ်လျဉ်း၍ အသိပညာပေးခြင်း | ကော်မရှင်၊ ကျား/မတန်းတူညီမျှရေး လုပ်ငန်းအဖွဲ့၊ အရပ်ဘက်လူမှုအဖွဲ့ အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ | ၂။ အသိပညာပေးဆွေးနွေးပွဲများ အရေအတွက်<br>၃။ အသိပညာပေး ထုတ်ဝေသည့် လက်ကမ်းစာစောင်များ | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ နိုဝင်ဘာ |

## ကျား/မတန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍ မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းအစီအစဉ်

အခန်း ၆။ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်အဆင့်ဆင့်တွင် ပေါ်ပေါက်လာနိုင်သည့် အငြင်းပွားမှုများ၊ တိုင်ကြားမှုများနှင့် ကန့်ကွက်မှုများကို ဖြေရှင်းခြင်းလုပ်ငန်းအစီအစဉ်များ

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| ၆.၁ | အငြင်းပွားမှုများ ဖြေရှင်းခြင်းနှင့် စပ်လျဉ်းသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပြန်လည်ဆန်းစစ်ခြင်း၊ သီးခြားလုပ်ထုံးလုပ်နည်းများ ပြုစုခြင်းစသည့်လုပ်ငန်းစဉ်များတွင် ကျား/မ တန်းတူညီမျှစွာ ပါဝင်နိုင်ရေးနှင့် အမျိုးသမီးများ၏ အတွေးအမြင်များ ကိုပါ ထည့်သွင်းစဉ်းစားပေးခြင်း။ | ၆.၁.၁ | အငြင်းပွားမှုများ ဖြေရှင်းခြင်းနှင့် စပ်လျဉ်းသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပြန်လည်ဆန်းစစ်ခြင်းနှင့် အကြံပြုရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ အမျိုးသမီးများ ပါဝင်စေခြင်း။ | ကော်မရှင်၊ | ၁။ ပါဝင်အကြံပြုသည့် အမျိုးသမီးရာခိုင်နှုန်း<br>၂။ အကြံပြုချက်အရေအတွက် | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဇန်နဝါရီ |
| | | ၆.၁.၂ | နိုင်ငံရေးပါတီများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာန များ၊ လူမှုအဖွဲ့အစည်းများမှ အကြံပြုချက်များရယူရာတွင် အမျိုးသမီးများလည်းပါဝင်၍ အကြံပြုစေခြင်း။ (ဥပမာ - အမျိုးသမီး ကိုယ်စားလှယ်လောင်းများ ကြုံတွေ့ရသည့် ကျူးလွန်မှုများကို အမျိုးသမီး များက ပြန် လည်ပြောပြကာ ဖြေရှင်းနိုင်မည့် နည်းလမ်း ကို အကြံပြုနိုင်သည်) | ကော်မရှင်၊ နိုင်ငံရေးပါတီများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်း များ | ၁။ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများနှင့် ကျင်းပသည့်ဆွေးနွေးပွဲ အရေအတွက်<br>၂။ ပါဝင်တက်ရောက်သည့် အမျိုးသမီးရာခိုင်နှုန်း (ဆွေးနွေးပွဲတစ်ခုချင်းစီအတွက်) | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဇန်နဝါရီ |

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| | | ၆.၁.၃ | အငြင်းပွားမှုဖြေရှင်းရေး သီးခြား လုပ်ထုံးလုပ်နည်း ရေးဆွဲ ပြုစု ရေးအဖွဲ့တွင် အမျိုးသမီးများ ပါဝင် စေခြင်း။ | ကော်မရှင်၊ ရွေးကောက်ပွဲ ခုံရုံးဌာန | ၁။ အဖွဲ့တွင် ပါဝင်သည့် အမျိုးသမီး အရေအတွက် | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဇန်နဝါရီ |
| | | ၆.၁.၄ | ရွေးကောက်ပွဲနောင်းပိုင်းကာလတွင် အတွေ့အကြုံများနှင့် သင်ခန်းစာများ ကို သုံးသပ်အကြံပြုရာတွင် အမျိုးသမီး များ၏ အတွေးအမြင်၊ အတွေ့အကြုံ များကို ရယူခြင်း။ | ကော်မရှင်၊ | ၁။ ပါဝင်အကြံပြုသည့် အမျိုးသမီး ရာခိုင်နှုန်း<br>၂။ အကြံပြုချက် အရေအတွက် | ၂၀၂၀ နောက်ပိုင်း |
| ၆.၂ | ရွေးကောက်ပွဲဆိုင်ရာပြစ်မှုပြစ်ဒဏ်များ၊ တရားမဲ့ပြုကျင့် မှုများ၊အငြင်းပွားမှုဖြေရှင်း ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အမျိုးသမီးများ အလွယ်တကူသိရှိနား လည်နိုင်ရန် အသိပညာပေးခြင်းနှင့် အငြင်းပွားမှုများကို တိုင်ကြားရာတွင် မည်သည့်အချိန်၊ မည်သည့်ဌာနထံသို့ မည်သို့တိုင်ကြား/ကန့်ကွက်ရမည် ဆိုသည်ကို အမျိုးသမီးများ (အထူး သဖြင့် အမျိုးသမီးကိုယ်စားလှယ်လောင်း များ) အတွက် အသိပညာပေးခြင်း။ | ၆.၂.၁ | ရွေးကောက်ပွဲဆိုင်ရာပြစ်မှုပြစ်ဒဏ် များ၊ တရားမဲ့ ပြုကျင့်မှုများ၊ အငြင်းပွား မှုဖြေရှင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ် နည်းများကို လည်းကောင်း၊ အငြင်းပွား မှု အမျိုးအစားအလိုက် ကန့်ကွက်မှု များ၊ တိုင်ကြားမှုများကို မည်သည့် နေရာ၊ မည်သည့်အချိန်တွင် မည် သည့်ဌာနထံသို့တင်သွင်းရမည်ကို လည်းကောင်း၊ နိုင်ငံရေးပါတီများမှ အမျိုးသမီးအဖွဲ့ဝင်များ၊ အမျိုးသမီး ကိုယ်စားလှယ်လောင်းများကို အသိ ပညာပေးခြင်း | ကော်မရှင်၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်း များ၊ အစိုးရမဟုတ် သော နိုင်ငံတကာ အဖွဲ့အစည်းများ | ၁။ အငြင်းပွားမှုဖြေရှင်းခြင်း လုပ်ငန်းစဉ် သိမှတ် ဖွယ်ရာစာအုပ်များ၊ လက်စွဲများထုတ်ဝေ သည့် အရေအတွက်<br>၂။ အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်သည့် အရေအတွက်<br>၃။ အသိပညာပေးဆွေးနွေး ပွဲများကို တက်ရောက် သည့် အမျိုးသမီးရာခိုင်နှုန်း | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဇွန် |


ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကျားမတန်းတူညီမျှရေး
အသိပညာပေးခြင်းသင်တန်း
Gender Equality Awareness Training
12 & 13 September
UEC Training

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | | လုပ်ငန်းစဉ်အဆင့်ဆင့် | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| | | ၆.၂.၂ | ရွေးကောက်ပွဲဆိုင်ရာပြစ်မှုပြစ်ဒဏ်များ၊ တရားမဲ့ပြုကျင့်မှုများ၊ အငြင်းပွားမှုဖြေရှင်းခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်းများကို လည်းကောင်း၊ အငြင်းပွားမှု အမျိုးအစားအလိုက် ကန့်ကွက်မှုများ၊ တိုင်ကြားမှုများကို မည်သည့်နေရာ၊ မည်သည့်အချိန်တွင် မည်သည့်ဌာန ထံသို့တင်သွင်းရမည်ကို လည်း ကောင်း၊ မီဒီယာများမှ အသိပေးခြင်း၊ လက်ကမ်းစာစောင်များ ပုံနှိပ်ခြင်း၊ ဝက်ဘ်ဆိုက်တွင် လွှင့်တင်ခြင်း၊ အမျိုးသမီး ဖွံ့ဖြိုးမှု သင်တန်းများတွင် အပိုင်းကဏ္ဍတစ်ခုအဖြစ် ထည့်သွင်း မျှဝေခြင်းစသည့် နည်းလမ်းများဖြင့် လူထုအတွင်းရှိ အမျိုးသမီးများသိရှိ နားလည်အောင် ဆောင်ရွက်ခြင်း | ကော်မရှင်၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်း များ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ | ၁။ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှထုတ်လွှင့်သည့် အကြိမ်ရေ<br>၂။ သတင်းမီဒီယာတွင် ဖော်ပြပါရှိသည့်အကြိမ်ရေ<br>၃။ ဝက်ဘ်ဆိုက်တွင် လွှင့်တင်ထားခြင်း ရှိ/မရှိ<br>၄။ အသိပညာပေးဆွေးနွေးပွဲအကြိမ်ရေ<br>၅။ အသိပညာပေးဆွေးနွေးပွဲများကို တက်ရောက်သည့် အမျိုးသမီးရာခိုင်နှုန်း | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဇွန် |

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| ၆.၃ | အငြင်းပွားမှုများ၊ ကန့်ကွက်လွှာများကို လက်ခံခြင်း၊ ကွန်ပျူတာစနစ်ဖြင့် မှတ်တမ်းတင်ခြင်းစသည့် ရုံးပိုင်းဆိုင်ရာ လုပ်ငန်းများနှင့် ကြားနာခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းစသည့် တရားစီရင်ရေးဆိုင်ရာလုပ်ငန်းစဉ်များတွင် ကျား/မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ ပါဝင်ဆောင်ရွက်စေခြင်း။ (ဥပမာ - ရွေးကောက်ပွဲခုံအဖွဲ့များတွင် ခုံအဖွဲ့ဝင် အမျိုးသမီးများခန့်အပ်ခြင်း၊ ကိုယ်စားလှယ်လောင်းအမည်စာရင်း ကန့်ကွက်မှုများအား ကော်မရှင်အဖွဲ့ခွဲများက စိစစ်ရာတွင် အမျိုးသမီးဝန်ထမ်းများ အား ပါဝင်ဆောင်ရွက်စေခြင်း) | ၆.၃.၁ | ရွေးကောက်ပွဲ ကန့်ကွက်လွှာများကို စစ်ဆေးဆုံးဖြတ်နိုင်ရန် ကော်မရှင် အဖွဲ့ဝင် များ၊ ဥပဒေကျွမ်းကျင်သည့် နိုင်ငံသားများဖြင့် ခုံအဖွဲ့များ ဖွဲ့စည်းရာတွင် အမျိုးသမီးခုံအဖွဲ့ဝင်များကို ထည့်သွင်းခန့်အပ်ခြင်း။ | ကော်မရှင်၊ ရွေးကောက်ပွဲ ခုံရုံးဌာန | ၁။ ခုံအဖွဲ့တွင် ပါဝင်သည့် အမျိုးသမီးဦးရေ/ရာခိုင်နှုန်း | ၂၀၂၀ နောက်ပိုင်း |
| | | ၆.၃.၂ | အငြင်းပွားမှုများ၊ ကန့်ကွက်လွှာများ နှင့်စပ်လျဉ်းသည့် အချက်အလက်များ ကို ကွန်ပျူတာစနစ်ဖြင့် မှတ်တမ်းတင် ကာ လေ့လာသုံးသပ်နိုင်သည့် Case Tracking System (CTS) ကို တည်ဆောက်ခြင်းနှင့် လမ်းညွှန်စာအုပ်များ ပြုစုခြင်း၊ လိုအပ်သည့် သင်တန်းများပေးခြင်း | ကော်မရှင်၊ ရွေးကောက်ပွဲ ခုံရုံးဌာန၊ ကော်မရှင်အဖွဲ့ခွဲများ | ၁။ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများအား မှတ်တမ်းတင်လေ့လာခြင်းစနစ် (CTS)<br>၂။ ကန့်ကွက်လွှာအမှုများ၊ အယူခံမှုများအား မှတ်တမ်းတင်စာရင်းသွင်းခြင်းနှင့် အစီရင်ခံစာများ ပြုစုခြင်းဆိုင်ရာ လမ်းညွှန်စာအုပ်<br>၃။ သင်တန်းအရေအတွက်<br>၄။ သင်တန်းတွင်ပါဝင်သည့် အမျိုးသမီးရာခိုင်နှုန်း<br>၅။ CTS ကို အသုံးပြုမှု (၂၀၁၈ အမှုများအတွက် စမ်းသပ်အသုံးပြုခြင်း | ၂၀၁၈ – ၂၀၂၀ |

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| | | ၆.၃.၃ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင်အငြင်းပွားမှုဖြေရှင်း ခြင်းလုပ်ငန်းတွင် အမျိုးသမီးများ အတွက် တာဝန်များသတ်မှတ်ပေး၍ ပါဝင်ဆောင်ရွက်စေခြင်း၊ လိုအပ် သည့် စွမ်းဆောင်ရည်မြှင့် သင်တန်း များကို ပေးခြင်း။ | ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်၊ ရွေးကောက်ပွဲ ခုံရုံးဌာန | ၁။ အငြင်းပွားမှု ဖြေရှင်းခြင်း လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နေသော အမျိုးသမီးဝန်ထမ်း ဦးရေ/ ရာခိုင် နှုန်း<br>၂။ အမျိုးသမီးဝန်ထမ်းများရရှိသည့် အငြင်းပွားမှု ဖြေရှင်းခြင်းလုပ်ငန်းစဉ်နှင့်သက်ဆိုင်သော သင်တန်းများ | ၂၀၁၉ ဇန်နဝါရီ – ၂၀၂၀ ဇန်နဝါရီ |
| ၆.၄ | ရွေးကောက်ပွဲမတိုင်မီ၊ ရွေးကောက်ပွဲနေ့ နှင့် ရွေးကောက်ပွဲပြီးနောက် ပေါ်ပေါက် လာနိုင်သည့် အငြင်းပွားမှုများကို စိစစ် ကြားနာခြင်း၊ ဆုံးဖြတ်ခြင်းစသည့် လုပ်ငန်းစဉ်နှင့် တရားစီရင်ရေးစနစ်ကို အမျိုးသမီးများ (အထူးသဖြင့် အမျိုးသမီး ကိုယ်စား လှယ်လောင်းများ) အလွယ် တကူ အချိန်နှင့် တစ်ပြေးညီလက်လှမ်း မီနိုင် အောင်ဆောင်ရွက်ခြင်း။ | ၆.၄.၁ | ရွေးကောက်ပွဲမတိုင်မီ၊ ရွေးကောက်ပွဲ နေ့နှင့် ရွေးကောက်ပွဲပြီးနောက် ပေါ်ပေါက်လာနိုင်သည့် အငြင်းပွားမှု များကိုစိစစ်ကြားနာခြင်း၊ ဆုံးဖြတ်ခြင်း စသည့် လုပ်ငန်းစဉ်များတွင် တိုင်းရင်းသားဘာသာစကား အထောက်အကူများထားရှိခြင်း၊ မသန်စွမ်းသူ အမျိုးသမီးများအတွက် လိုအပ်သလို စီစဉ် ဆောင်ရွက်ပေး ခြင်း။ | ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်၊ ရွေးကောက်ပွဲခုံရုံး ဌာန၊ အရပ်ဘက် လူမှုအဖွဲ့အစည်း များ၊ အစိုးရမဟုတ် သော နိုင်ငံတကာ အဖွဲ့အစည်းများ | ၁။ တိုင်းရင်းသား ဘာသာ စကားအထောက် အကူများ (တိုင်းရင်းသားဘာသာစကား အထောက်အကူ အသုံးပြုသည့် ကြားနာမှု အကြိမ်ရေ၊ မည်သို့ဆောင်ရွက်ထားပုံ)<br>၂။ မသန်စွမ်းသူများအတွက် ထားရှိသည့် အထောက်အကူပြုအစီအမံများ (အရေ အတွက်နှင့် မည်သို့ဆောင်ရွက်ထားပုံ) | ၂၀၂၀ နောက်ပိုင်း |
| | | ၆.၄.၂ | ရွေးကောက်ပွဲရလဒ် ကန့်ကွက်လွှာ အမှုများကို ကြားနာဆုံးဖြတ်ရာတွင် အမျိုးသမီးများအပါအဝင်အများ ပြည်သူ တက်ရောက်လေ့လာနိုင်ရန် ကြားနာမှု အစီအစဉ်ကိုသတင်းစာ၊ ရေဒီယို၊ ဝက်ဘ်ဆိုက်စသည်တို့တွင် ဖော်ပြခြင်း။ | ကော်မရှင်၊ ရွေးကောက်ပွဲ ခုံရုံးဌာန | ၁။ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှထုတ်လွှင့်သည့် အကြိမ်ရေ<br>၂။ သတင်းမီဒီယာတွင် ဖော်ပြပါရှိသည့် အကြိမ်ရေ<br>၃။ ဝက်ဘ်ဆိုက်တွင်လွှင့် တင်ထားခြင်း ရှိ/မရှိ | ၂၀၂၀ နောက်ပိုင်း |

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| | | ၆.၄.၃ | ရွေးကောက်ပွဲရလဒ် ကန့်ကွက်လွှာ အမှုများကို ကြားနာဆုံးဖြတ်ရာတွင် သက်ဆိုင်ရာဒေသများသို့ လိုအပ်သလို သွားရောက်ကြားနာခြင်း။ | ကော်မရှင်၊ ရွေးကောက်ပွဲ ခုံရုံးဌာန | ၁။ သက်ဆိုင်ရာ ဒေသများသို့ သွားရောက်ကြားနာသည့် အမှုအရေအတွက်၊ ကြားနာမှုအကြိမ် အရေအတွက် | ၂၀၂၀ နောက်ပိုင်း |
| | | ၆.၄.၄ | အငြင်းပွားမှု အမျိုးအစားအလိုက် ဖြေရှင်းဆောင်ရွက်သည့် ဆုံးဖြတ်ချက် အဖြေများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများတွင် ကပ်ထား ကြေညာခြင်း။ ရွေးကောက်ပွဲရလဒ် ကန့်ကွက်လွှာအမှုများ၏ ဆုံးဖြတ်ချက်များကို နိုင်ငံတော်ပြန်တမ်း၊ သတင်းမီဒီယာများနှင့် ဝက်ဘ်ဆိုက်တွင် လွှင့်တင်ခြင်း။ | ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲများ၊ ရွေးကောက်ပွဲ ခုံရုံးဌာန | ၁။ ဆုံးဖြတ်ချက်များကို ကြေညာကပ်ထားခြင်း ရှိ/မရှိ<br>၂။ နိုင်ငံတော်ပြန်တမ်းနှင့် သတင်းမီဒီယာများတွင် ဖော်ပြခြင်း ရှိ/မရှိ<br>၃။ ဝက်ဘ်ဆိုက်တွင် လွှင့် တင်ထားခြင်း ရှိ/မရှိ | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၁ ဒီဇင်ဘာ |
| ၆.၅ | ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲနေ့တွင် ဖြစ်ပေါ်လာနိုင်သည့် ပြဿနာများကိုညှိနှိုင်းပေးရန် စေ့စပ်ညှိနှိုင်းရေး ကော်မတီအဆင့်ဆင့်ကိုဖွဲ့စည်းရာတွင် အမျိုးသမီးအဖွဲ့ဝင်များ ပိုမိုပါဝင်နိုင်ရေး နှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီများ၏ လုပ်ပိုင်ခွင့် များ၊ လုပ်ထုံးလုပ်နည်းများကို အမျိုးသမီးများ သိရှိနားလည်နိုင်စေရန် အသိပညာပေးခြင်း။ | ၆.၅.၁ | စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့် ဆင့်တွင် အမျိုးသမီးများကို ပါဝင် ဖွဲ့စည်းခြင်း။(ဥပမာ - အမျိုးသမီးများ အချိုးကျပါဝင်စေခြင်း) | ကော်မရှင်၊ ကော်မရှင်အဖွဲ့ ခွဲများ | ၁။ စေ့စပ်ညှိနှိုင်းရေး ကော်မတီအဆင့်ဆင့်တွင် ပါဝင်သည့် အမျိုးသမီးရာခိုင်နှုန်း | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ အောက်တိုဘာ |

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| | | ၆.၅.၂ | စေ့စပ်ညှိနှိုင်းရေးကော်မတီများ၏ လုပ်ပိုင်ခွင့်များ၊ လုပ်ထုံးလုပ်နည်းများကို စေ့စပ်ညှိနှိုင်းရေးကော်မတီ အဆင့်ဆင့်ရှိ အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ အမျိုးသမီး အဖွဲ့ဝင်များ၊ အမျိုး သမီး ကိုယ်စား လှယ်လောင်းများကို အသိပညာပေးခြင်း | ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲ၊ ရွေးကောက်ပွဲ ခုံရုံးဌာန၊ နိုင်ငံရေး ပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့ အစည်းများ၊ အစိုးရ မဟုတ်သောနိုင်ငံတကာ အဖွဲ့အစည်းများ | ၁။ အသိပညာပေးဆွေးနွေးပွဲ အကြိမ်အရေအတွက်<br>၂။ အသိပညာပေးဆွေးနွေး ပွဲများကို တက်ရောက်သည့် အမျိုးသမီး ရာခိုင်နှုန်း | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ အောက်တိုဘာ |
| | | ၆.၅.၃ | စေ့စပ်ညှိနှိုင်းရေးကော်မတီများ၏ လုပ်ပိုင်ခွင့်များ၊ လုပ်ထုံးလုပ်နည်းများကို မီဒီယာများတွင်ဖော်ပြခြင်း၊ လက်ကမ်းစာစောင်များ ပုံနှိပ်ခြင်း၊ ဝက်ဘ်ဆိုက်တွင်လွှင့်တင်ခြင်း၊ အမျိုးသမီးဖွံ့ဖြိုးမှုသင်တန်းများတွင် အပိုင်းကဏ္ဍတစ်ခုအဖြစ် ထည့်သွင်းမှုဝေခြင်း စသည့် နည်းလမ်းများဖြင့် လူထုအတွင်းရှိ အမျိုးသမီးများ သိရှိနားလည်အောင်ဆောင်ရွက်ခြင်း | ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲ၊ ရွေးကောက်ပွဲ ခုံရုံးဌာန၊ နိုင်ငံရေး ပါတီများ၊ အရပ်ဘက်လူမှု အဖွဲ့ အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ | ၁။ အသိပညာပေး ဆွေးနွေးပွဲ အကြိမ်ရေ<br>၂။ အသိပညာပေး ဆွေးနွေး ပွဲများကို တက်ရောက်သည့် အမျိုးသမီး ရာခိုင်နှုန်း<br>၃။ မီဒီယာ၊ ဝက်ဘ်ဆိုက်တွင် ဖော်ပြခြင်း<br>၄။ လက်ကမ်းစာစောင်ဖြန့်ဝေမှု | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ အောက်တိုဘာ |



မဟာဗျူဟာစီမံကိန်း (၇)
ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့်ဆက်ဆံခြင်း
မဟာဗျူဟာစီမံကိန်း (၈)
အားလုံးပါဝင်ဆောင်ရွက်မှု မြှင့်တင်ခြင်း
မဟာဗျူဟာစီမံကိန်း (၉)
နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းနှင့် မဲဆွယ်စည်းရုံးရေးအသုံးစရိတ်

## ကျား/မတန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍ မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းအစီအစဉ်

အခန်း ၇။ ကဏ္ဍစုံမှပါဝင်ပတ်သက်သူများနှင့်ဆက်ဆံခြင်းလုပ်ငန်းအစီအစဉ်များ

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| ၇.၁ | ရွေးကောက်ပွဲဆိုင်ရာ ကူညီထောက်ပံ့ပေးသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်း အဖွဲ့အစည်းများ နှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရာတွင် ကျား/မ တန်းတူညီမျှရေး မူဝါဒအရလုပ်ငန်းများကို ထည့်သွင်းအကောင်အထည်ဖော်ခြင်း။ | ၇.၁.၁ | ကျား/မ တန်းတူညီမျှရေး မူဝါဒပါ လုပ်ငန်းများကို အကောင်အထည်ဖော်ရန်စီမံကိန်းနှင့် အစီအစဉ်များ ရေးဆွဲချမှတ်ခြင်း | ကော်မရှင်၊ ပြင်ပဆက်ဆံရေးဌာန၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကျား/မတန်းတူညီမျှရေး လုပ်ငန်းအဖွဲ့များ | ၁။ ကျား/မတန်းတူညီမျှ ရေး ဆိုင်ရာလုပ်ငန်းများတွင် ကော်မရှင်နှင့် ပူးပေါင်းလုပ်ဆောင်နေသော ပြည်တွင်း နှင့် နိုင်ငံတကာအဖွဲ့အစည်း အရေအတွက်<br>၂။ ကော်မရှင်နှင့်ပူးပေါင်းလုပ်ဆောင်နေသော ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ နှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်မှုအရေအတွက်<br>၃။ လုပ်ငန်း အစီအစဉ် အရေအတွက် | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၁ ဇွန် |
| ၇.၂ | ကဏ္ဍစုံမှပါဝင်ပတ်သက်သူများ အထူးသဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်၊ အရပ်ဘက် လူမှု အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ကော်မရှင်၏ ကျား/မ တန်းတူညီမျှရေး လုပ်ငန်းအဖွဲ့အဆင့်ဆင့်တို့ ပုံမှန်တွေ့ဆုံပြီး ကောင်းမွန် သော ဆက်ဆံရေးတည်ဆောက်ခြင်းဖြင့် အမျိုးသမီး ကဏ္ဍ မြှင့်တင်ရေး ကို ဆောင်ရွက်ခြင်း။ | ၇.၂.၁ | သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ကော်မရှင်၏ ကျား/မ တန်းတူညီမျှရေး လုပ်ငန်း အဖွဲ့အဆင့်ဆင့် တို့ ပုံမှန်တွေ့ဆုံ ဆက်ဆံ မည့် လုပ်ငန်းစဉ်တစ်ခု ချမှတ်ဆောင်ရွက်ရန်။ | ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်၊ ကျား/မတန်းတူညီမျှရေး လုပ်ငန်းအဖွဲ့များ၊ ပြင်ပဆက်ဆံရေးဌာန၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ | ၁။ တွေ့ဆုံဆွေးနွေးပွဲ အရေအတွက်<br>၂။ တွေ့ဆုံဆွေးနွေးပွဲတွင်ပါဝင်သည့် အမျိုးသမီး ရာခိုင်နှုန်း | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၁ ဇွန် |

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| | | ၇.၂.၂ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကျား/မတန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍမြှင့်တင်ရေးဆိုင် ရာ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ ကော်မရှင်၏ ကျား/မ တန်းတူညီမျှရေးလုပ်ငန်း အဖွဲ့များထံအသိပေးဖြန့်ဝေခြင်း၊ | ကော်မရှင်မှ ကျား/မတန်းတူ ညီမျှရေး လုပ်ငန်း အဖွဲ့ | ၁။ ဖြန့်ဝေသည့် စာစောင် နှင့် စာအုပ်အရေ အတွက် | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဖွန် |
| | | ၇.၂.၃ | သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်၏ ကျား/မတန်းတူညီမျှရေး လုပ်ငန်းအဖွဲ့များ ပါဝင်သည့် ကျား/မတန်းတူညီမျှရေးဆွေးနွေးပွဲ များ (**Gender round table, gender conferences**) ကို ကျင်းပခြင်း | သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်း များ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ် စားလှယ်များ၊ ကော်မရှင်၏ ကျား/မ တန်းတူ ညီမျှရေး လုပ်ငန်း အဖွဲ့များ၊ | ၁။ ဆွေးနွေးပွဲ အရေအတွက်<br>၂။ ဆွေးနွေးပွဲတွင်ပါဝင်သည့် အမျိုးသမီး ရာခိုင်နှုန်း | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၁ ဖွန် |

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| ၇.၃ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့ အကြား ကျား/ မ တန်းတူညီမျှရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ပိုမိုအားကောင်း ခိုင်မာလာစေရန်အတွက် လုပ်ငန်းစဉ်တစ်ခုထူထောင်ခြင်း။ (ဥပမာ - ကျား/မတန်းတူညီမျှ ရေးလုပ်ငန်းအဖွဲ့များကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများတွင် ဖွဲ့စည်း၍ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း) | ၇.၃.၁ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများတွင် ကျား/မ တန်းတူညီမျှရေး လုပ်ငန်းအဖွဲ့များဖွဲ့စည်းဆောင်ရွက်ခြင်း | ကော်မရှင်မှ ကျား/မတန်းတူညီမျှရေး လုပ်ငန်းအဖွဲ့များ၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ ကျား/မ တန်းတူညီမျှရေး လုပ်ငန်းအဖွဲ့များ | ၁။ ကျား/မ တန်းတူညီမျှရေး လုပ်ငန်းအဖွဲ့အရေအတွက်<br>၂။ ကျား/မ တန်းတူညီမျှရေး လုပ်ငန်းအဖွဲ့တွင် ပါဝင်သည့် အဖွဲ့ဝင်အရေအတွက်၊ အဖွဲ့ဝင် အမျိုးသမီး ရာခိုင်နှုန်း | ၂၀၁၈ အောက်တိုဘာ - ၂၀၁၉ မတ် |
| | | ၇.၃.၂ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ တွင် ကျား/မ တန်းတူညီမျှရေး လုပ်ငန်းအဖွဲ့များအကြား တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း | ကော်မရှင်မှ ကျား/မတန်းတူညီမျှရေး လုပ်ငန်းအဖွဲ့များ၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ ကျား/မ တန်းတူညီမျှရေး လုပ်ငန်းအဖွဲ့များ | ၁။ တွေ့ဆုံ ဆွေးနွေးမှု အရေအတွက်<br>၂။ ဆွေးနွေးမှုတွင်ပါဝင်သည့် အမျိုးသမီး ရာခိုင်နှုန်း | ၂၀၁၉ ဇန်နဝါရီ |

## ကျား/မတန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍ မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းအစီအစဉ်

**အခန်း ၈။ အားလုံးပါဝင်ဆောင်ရွက်မှုမြှင့်တင်ခြင်း လုပ်ငန်းအစီအစဉ်များ**

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| ၈.၁ | ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် နှင့် ကော်မရှင် အဖွဲ့ခွဲများတွင် ဆုံးဖြတ်ချက် ချမှတ်သော ရာထူးအဆင့်များ အပါအဝင် ဖွဲ့စည်းမှုအဆင့်ဆင့်တိုင်း၌ အမျိုးသမီးများ (တိုင်းရင်းသားလူမျိုးများ နှင့် မသန်စွမ်းသူများအပါအဝင်) ပါဝင်လာစေရေး ကို ဖော်ဆောင်ခြင်း။ | ၈.၁.၁ | ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် နှင့် ကော်မရှင် အဖွဲ့ခွဲများ သည် အများပြည်သူ၏ လိုအပ်ချက် နှင့် ကိုက်ညီစေရန် ဆုံးဖြတ်ချက်ချမှတ် သော ရာထူး အဆင့်များတွင် အမျိုးသမီးများ (တိုင်းရင်းသားလူမျိုး များ နှင့် မသန်စွမ်းသူများအပါအဝင်) ခန့်အပ်နိုင်ရေးကို ထည့်သွင်း စဉ်းစားခြင်း။ | ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်၊ ကျား/မတန်းတူ ညီမျှရေး လုပ်ငန်း အဖွဲ့များ | ၁။ အမျိုးသမီးများ(တိုင်းရင်းသားလူမျိုးများနှင့် မသန်စွမ်းသူများအပါအဝင်)အား ခန့်အပ်နိုင်ရန် သတ်မှတ်ထားသည့် လုပ်ငန်းစဉ်<br>၂။ ခန့်အပ်နိုင်သည့် အရေအတွက် | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဇွန် |
| | | ၈.၁.၂ | ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများတွင် ဆုံးဖြတ်ချက် ချမှတ်သော ရာထူး အဆင့်များ အပါအဝင် ဖွဲ့စည်းမှု အဆင့်ဆင့်တိုင်း၌ အမျိုးသမီး ပါဝင်မှုကို ဆန်းစစ်လေ့လာခြင်း။ | ကော်မရှင်၊ ကျား/မတန်းတူ ညီမျှရေး လုပ်ငန်း အဖွဲ့ | ၁။ ကော်မရှင်နှင့် ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်ရှိ အမျိုးသမီးဝန်ထမ်း (အမှုထမ်း၊ အရာထမ်း) အရေအတွက်<br>၂။ ကော်မရှင်အဖွဲ့ဝင်များတွင် ပါဝင်သည့် အမျိုးသမီး အဖွဲ့ဝင် အရေအတွက် | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဇွန် |

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| | | ၈.၁.၃ | ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်နှင့် ကော်မရှင် အဖွဲ့ခွဲများရှိ ဆုံးဖြတ်ချက် ချမှတ်သော ရာထူး အဆင့် များအပါအဝင် ဝန်ထမ်းများ အားလုံး လိုက်နာကျင့်သုံး ရမည့် ဌာနတွင်းမူဝါဒများ ချမှတ်ရာတွင် ကျား/မ တန်းတူညီမျှရေးကို ထည့်သွင်းစဉ်းစားရန်။ | ကော်မရှင်၊ ကျား/မတန်းတူ ညီမျှရေး လုပ်ငန်း အဖွဲ့ | ၁။ ဝန်ထမ်း များအားလုံး လိုက်နာကျင့်သုံး ရမည့် ဌာနတွင်းမူဝါဒများ | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဖွန် |
| | | ၈.၁.၄ | ကျား/မတန်းတူညီမျှရေး မူဝါဒနှင့် လုပ်ငန်း အစီအစဉ် (Gender Policy and Action Plan) ကိုချမှတ်ဆောင်ရွက်ခြင်း။ | ကော်မရှင်၊ ကျား/မတန်းတူ ညီမျှရေး လုပ်ငန်း အဖွဲ့ | ၁။ ကျား/မတန်းတူညီမျှရေး မူဝါဒနှင့် လုပ်ငန်း အစီအစဉ် | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဖွန် |
| ၈.၂ | ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် တန်းတူညီမျှစွာ ပါဝင်နိုင်ရေးကို အဟန့် အတားဖြစ်စေသော ရုပ်ပိုင်းဆိုင်ရာ၊ ပတ်ဝန်းကျင်ဆိုင်ရာ၊ ဆက်သွယ်ရေး နှင့်အဖွဲ့အစည်းဆိုင်ရာ အခက်အခဲများ လျော့နည်း ပပျောက်စေရေးနှင့် အားလုံး ပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ရေး ဆောင်ရွက်ခြင်း။ | ၈.၂.၁ | ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၌ ကျား/မတန်းတူ ညီမျှစွာပါဝင်နိုင်ရေး တွင်ရုပ်ပိုင်းဆိုင် ရာ ပတ်ဝန်းကျင် ဆိုင်ရာ၊ ဆက်သွယ် ရေးနှင့် အဖွဲ့ အစည်း ဆိုင်ရာ အဓိကအခက် အခဲများကို လေ့လာ သုံးသပ် ခြင်းနှင့် ဖြေရှင်းနိုင် မည့် နည်းလမ်းများ ကို ဖော်ထုတ် သတ်မှတ်ခြင်း။ | ကော်မရှင်၊ ကျား/မတန်းတူ ညီမျှရေး လုပ်ငန်း အဖွဲ့ | ၁။ အခက်အခဲများကို လေ့လာသုံးသပ်၍ ဖြေရှင်း ရန် နည်းလမ်းများ အကြံပြုထား သည့် အစီရင်ခံစာ | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဖွန် |

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| | | ၈.၂.၂ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် ကော်မရှင် အဖွဲ့ခွဲများ တွင် ကျား/မ တန်းတူ ညီမျှမှုရှိရေးကို အဟန့်အတား ဖြစ်စေမည့် အဓိက အခက်အခဲများကို လေ့လာသုံးသပ် ခြင်းနှင့် ဖြေရှင်းနိုင်မည့် နည်းလမ်း များကို ဖော်ထုတ်သတ်မှတ်ခြင်း။ | ကော်မရှင်၊ ကျား/မတန်းတူ ညီမျှရေး လုပ်ငန်း အဖွဲ့ | ၁။ အခက်အခဲများကို လေ့လာသုံးသပ်၍ ဖြေရှင်း ရန် နည်းလမ်းများ အကြံပြုထား သည့် အစီရင်ခံစာ | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဇွန် |
| ၈.၃ | ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် တန်းတူညီမျှစွာ ပါဝင်နိုင်ရေးကို အဟန့် အတားဖြစ်စေသော ဓလေ့ထုံးစံနှင့် လူမှုရေးဆိုင်ရာ အခက်အခဲများကို လျော့နည်း ပပျောက်စေရေးနှင့် အားလုံးပါဝင်ဆောင်ရွက်မှုကို မြှင့်တင် ရေးဆောင်ရွက်ခြင်း။ | ၈.၃.၁ | ကျား/မ တန်းတူ ညီမျှရေးကို အဟန့်အတား ဖြစ်စေသည့် ဓလေ့ ထုံးစံနှင့် လူမှုရေးဆိုင်ရာ အခက်အခဲ များကို လေ့လာသုံးသပ်ခြင်းနှင့် ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ဖော်ထုတ်သတ်မှတ်ခြင်း။ | ကော်မရှင်၊ ကျား/မတန်းတူ ညီမျှရေးလုပ်ငန်း အဖွဲ့ | ၁။ အခက်အခဲများကို လေ့လာသုံးသပ်၍ ဖြေရှင်း ရန် နည်းလမ်းများ အကြံပြုထား သည့် အစီ ရင်ခံစာ | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဇွန် |



## ကျား/မတန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍ မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းအစီအစဉ်

အခန်း ၉။ နိုင်ငံရေးပါတီများနှင့်လွှတ်တော်ကိုယ်စားလှယ်လောင်းများဥပဒေ၊စည်းမျဉ်းစည်းကမ်းများနှင့်အညီလိုက်နာဆောင်ရွက်ခြင်းနှင့်မဲဆွယ်စည်းရုံးရေးအသုံးစရိတ်လုပ်ငန်းအစီအစဉ်များ

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| ၉.၁ | နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများ၊ သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်လောင်းများ (တိုင်းရင်းသားလူမျိုးများနှင့် မသန်စွမ်း သူများ အပါအဝင်) သိရှိစေရန် ပညာပေး အစီအစဉ်များ ပြုလုပ်ပေးခြင်း။ | ၉.၁.၁ | နိုင်ငံရေးပါတီများနှင့် တွေ့ဆုံ၍ ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များ အတိုင်း လိုက်နာကျင့်သုံးစေရန် အကြံပြုခြင်း။ အမျိုးသမီးလွှတ်တော် ကိုယ်စား လှယ်လောင်းများ ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များကို အလွယ်တကူ လက်လှမ်းမီ သိရှိနား လည်စေရန် ဆောင်ရွက်ခြင်း။ | ကော်မရှင်၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ | ၁။ တွေ့ဆုံဆွေးနွေးပွဲ အရေအတွက်<br>၂။ ဆွေးနွေးပွဲတွင် ပါဝင်သည့် အမျိုးသမီး ရာခိုင်နှုန်း (လက်လှမ်းမီ သိရှိသည့် အမျိုးသမီး အရေအတွက်)<br>၃။ ထုတ်ဝေသည့် အသိပညာပေး စာရွက်စာတမ်း များ | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဖွန် |
| | | ၉.၁.၂ | နိုင်ငံရေးပါတီများနှင့် အခါအားလျော်စွာ တွေ့ဆုံ၍ အလုပ်ရုံ ဆွေးနွေးပွဲများ နှင့် အသိပညာပေးဆွေးနွေးပွဲများတွင် အမျိုးသမီးများပါဝင်မှု မြှင့်တင်ရေးကို ထည့်သွင်း အသိပညာပေးခြင်း။ | ကော်မရှင်၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ | ၁။ တွေ့ဆုံဆွေးနွေးပွဲ အရေအတွက်<br>၂။ ဆွေးနွေးပွဲတွင် ပါဝင် သည့် အမျိုးသမီး ရာခိုင်နှုန်း | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဖွန် |

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| | | ၉.၁.၃ | နိုင်ငံရေးပါတီများ၏ အကြံပြုချက်များအပေါ် ကျား/မတန်းတူညီမျှရေး ကို ထည့်သွင်း စဉ်းစားကာ လက်တွေ့ ကျင့်သုံးနိုင်မှု အခြေအနေများကို လေ့လာဆန်းစစ်ခြင်း။ | ကော်မရှင်၊ ကျား/မတန်းတူ ညီမျှရေး လုပ်ငန်း အဖွဲ့ | ၁။ အကြံပြုချက် အရေ အတွက်<br>၂။ ကျား/မ တန်းတူ ညီမျှရေး အကြံပြု ချက်များ အရေ အတွက်<br>၂။ လေ့လာဆန်းစစ်သည့် အကြိမ်အရေအတွက် | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဇွန် |
| | | ၉.၁.၄ | နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း၊ ဥပဒေ၊ နည်းဥပဒေများနှင့် လွှတ်တော် ရွေးကောက် ပွဲ ဥပဒေ၊ နည်းဥပဒေ များကို အမျိုးသမီးများထံသို့ အလွယ်တကူ ရောက်ရှိစေနိုင်မည့် နည်းလမ်းများအား အသုံးပြုခြင်း (ဥပမာ - အများနားလည်လွယ်သည့် စကားပြေအရေးအသားဖြင့် လမ်းညွှန် စာအုပ်၊ လက်ကမ်းစာစောင်များ ပြုစု ထုတ်ဝေခြင်း၊ တီဗွီမှထုတ်လွှင့်ခြင်း) | ကော်မရှင်၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ | ၁။ ပြုစုထုတ်ဝေသည့် လမ်းညွှန်စာအုပ် (သို့) လက်ကမ်း စာစောင်အရေအတွက်<br>၁။ တီဗွီမှ ထုတ်လွှင့်သည့်အကြိမ်ရေ | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဇွန် |
| | | ၉.၁.၅ | မီဒီယာများနှင့် ကော်မရှင်၏ ဝက်ဘ်ဆိုက်မှ တစ်ဆင့် ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း ဆိုင်ရာ သတင်း အချက်အလက် များထုတ်ပြန်ခြင်း။ | ကော်မရှင်၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ | ၁။ မီဒီယာနှင့် ဝက်ဘ်ဆိုက်တွင် သတင်းအချက် အလက်ဖော်ပြမှု | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဇွန် |

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| | | ၉.၁.၆ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ကျား/မတန်းတူညီမျှရေး နှင့် အမျိုးသမီးများကဏ္ဍမြှင့်တင်ရေး ဆိုင်ရာမူဝါဒနှင့် လုပ်ငန်း အစီအစဉ် ကို နိုင်ငံရေးပါတီများထံ အသိပေး ဖြန့်ဝေခြင်းအားဖြင့် နိုင်ငံရေးပါတီ များတွင်လည်း ပါတီတွင်း ကျား/မ တန်းတူညီမျှ ရေး မူဝါဒတစ်ရပ် ရေးဆွဲနိုင်ရေး အကြံပြုခြင်း။ | ကော်မရှင်၊ နိုင်ငံရေးပါတီများ၊ ကျား/မတန်းတူ ညီမျှရေး လုပ်ငန်း အဖွဲ့ | ၁။ ဖြန့်ဝေသည့် စာစောင် နှင့် စာအုပ် အရေအတွက်<br>၂။ ဖြန့်ဝေသည့် စာအုပ်၊ စာတမ်းများကို ရရှိသည့် နိုင်ငံရေးပါတီ အရေအတွက် | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဇွန် |
| ၉.၂ | ရွေးကောက်ပွဲကုန်ကျစရိတ်၊ လွှတ် တော်ကိုယ်စားလှယ်လောင်း အမည် စာရင်း တင်သွင်းခြင်း၊ မဲဆွယ်စည်းရုံး ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှု ပြစ်ဒဏ်များ၊ တရားမဲ့ပြုကျင့်မှုများနှင့် စပ်လျဉ်း၍ အသိပညာပေးရာတွင် အမျိုးသမီးများ (အထူးသဖြင့် အမျိုးသမီး ကိုယ်စားလှယ်လောင်းများ) လက်လှမ်းမီ သိရှိစေရန် ဆောင် ရွက်ခြင်း။ | ၉.၂.၁ | ရွေးကောက်ပွဲကုန်ကျစရိတ်၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည် စာရင်း တင်သွင်းခြင်း၊ မဲဆွယ်စည်းရုံး ခြင်း၊ ရွေးကောက်ပွဲ ဆိုင်ရာ ပြစ်မှု ပြစ်ဒဏ်များ၊ တရားမဲ့ ပြုကျင့်မှုများနှင့် စပ်လျဉ်း၍ အမျိုးသမီး ကိုယ်စားလှယ်လောင်းများ ပိုမိုသိရှိ လာစေရေးအတွက် အသိပညာပေး ခြင်း။ | ကော်မရှင်၊ ကျား/မတန်းတူ ညီမျှရေး လုပ်ငန်း အဖွဲ့၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ | ၁။ အသိပညာပေးပွဲ/ဆွေးနွေးပွဲ အရေအတွက်<br>၂။ ဆွေးနွေးပွဲတွင် ပါဝင် သည့် အမျိုးသမီး ရာခိုင်နှုန်း<br>၃။ ထုတ်ဝေသည့် လက်ကမ်းစာစောင်များ | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဇွန် |

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| | | ၉.၂.၂ | ရွေးကောက်ပွဲကုန်ကျစရိတ်၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည် စာရင်း တင်သွင်းခြင်း၊ မဲဆွယ်စည်းရုံး ခြင်း၊ ရွေးကောက်ပွဲ ဆိုင်ရာ ပြစ်မှု ပြစ်ဒဏ်များ၊ တရားမဲ့ ပြုကျင့်မှုများနှင့် စပ်လျဉ်း၍ အမျိုးသမီး များ ပိုမိုသိရှိလာစေရန် လူမှုအဖွဲ့ အစည်းများနှင့် ပူးပေါင်း၍ အသိပညာပေးခြင်း၊ သတင်းအချက် အလက် မျှဝေခြင်း | ကော်မရှင်၊ ကျား/မတန်းတူ ညီမျှရေး လုပ်ငန်း အဖွဲ့၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ | ၁။ဆောင်ရွက်မည့်လူမှုအဖွဲ့အစည်းအရေအတွက်<br>၂။ အသိပညာပေးဆွေးနွေးပွဲ အရေအတွက်<br>၃။ ထုတ်ဝေသည့် လက်ကမ်းစာစောင်များ | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဇွန် |
| | | ၉.၂.၃ | အမျိုးသမီးများ (အမျိုးသမီး ကိုယ်စား လှယ်လောင်းများ) အား လူမှုကွန်ရက် အသုံးပြု၍ အနှောင့်အယှက်ပြုမှုများ၊ အမုန်းစကား ပြန့်ပွားမှုများ နှင့် စပ်လျဉ်း၍ စောင့်ကြည့်သုံးသပ်သည့် အဖွဲ့များနှင့် ညှိနှိုင်း၍ အချက်အလက် များ မှတ်တမ်းတင်ထားခြင်း။ | ကော်မရှင်၊ ကျား/မတန်းတူ ညီမျှရေး လုပ်ငန်း အဖွဲ့၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ | ၁။ စောင့်ကြည့်လေ့လာသည့် အဖွဲ့အစည်းများ<br>၂။ အမျိုးသမီးများအား လူမှုကွန်ရက် အသုံးပြု၍ အနှောင့်အယှက်ပြုမှု အရေအတွက် | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ နိုဝင်ဘာ |

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| ၄.၃ | အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ ပိုမိုပေါ်ထွက်လာစေရေးအတွက် ကဏ္ဍ စုံမှပါဝင်ပတ်သက်သူများ၊ အထူးသဖြင့် နိုင်ငံရေးပါတီများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခြင်း။ | ၄.၃.၁ | ပါတီများအတွင်း အရည်အချင်းပြည့် မီသည့်အမျိုးသမီးများအား သင်တန်း များပေး၍ ရွေးကောက်ပွဲများ၌ ပါဝင် လာစေရေး ဆောင်ရွက်ပေးရန် အားပေးတိုက်တွန်းခြင်း | ကော်မရှင်၊ ကျား/မတန်းတူ ညီမျှရေး လုပ်ငန်း အဖွဲ့ အရပ်ဘက် လူမှုအဖွဲ့အစည်း များ၊ အစိုးရ မဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ နိုင်ငံရေးပါတီများ၊ | ၁။ တွေ့ဆုံဆွေးနွေးပွဲ အရေအတွက်<br>၂။ ဆွေးနွေးပွဲတွင် ပါဝင် သည့် အမျိုးသမီး ရာခိုင်နှုန်း | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဇွန် |
| | | ၄.၃.၂ | ကော်မရှင်၏ နိုင်ငံရေးပါတီများနှင့် ဆွေးနွေးပွဲများ၊ ကျားမတန်းတူညီမျှ ရေး ဆွေးနွေးပွဲများတွင် အမျိုးသမီး ကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲတွင် ပိုမိုပါဝင်လာစေရန် အတွက် ထည့်သွင်း ဆွေးနွေးခြင်း။ | ကော်မရှင်၊ ကျား/မတန်းတူ ညီမျှရေး လုပ်ငန်း အဖွဲ့ အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ | ၁။ တွေ့ဆုံဆွေးနွေးပွဲ အရေအတွက်<br>၂။ ဆွေးနွေးပွဲတွင် ပါဝင်သည့် အမျိုးသမီး ရာခိုင်နှုန်း | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဇွန် |

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| | | ၉.၃.၃ | နိုင်ငံရေးပါတီများအတွင်း အမျိုးသမီး ကိုယ်စားလှယ်လောင်းများ ပိုမိုပါဝင်လာစေရေးအတွက် အသိပညာပေးခြင်း၊ အားပေးတိုက်တွန်းခြင်း။ | ကော်မရှင်၊ ကျား/မတန်းတူညီမျှရေး လုပ်ငန်းအဖွဲ့၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ | ၁။ အသိပညာပေးပွဲ/ဆွေးနွေးပွဲ အရေအတွက်<br>၂။ ဆွေးနွေးပွဲတွင် ပါဝင်သည့် အမျိုးသမီး ရာခိုင်နှုန်း<br>၃။ ထုတ်ဝေသည့် လက်ကမ်းစာစောင်များ | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဖွန် |
| ၉.၄ | နိုင်ငံရေးပါတီဆိုင်ရာ ညွှန်ကြားချက်များ၊ ကျင့်ဝတ်များတွင် ကျား/မ တန်းတူညီမျှရေးကို ထည့်သွင်း စဉ်းစားခြင်း။ | ၉.၄.၁ | **Code of Conduct** ကို ခေတ်ကာလ နှင့်အညီလိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်ရာတွင် ကျား/မ တန်းတူညီမျှ ရေးကို ထည့်သွင်း စဉ်းစားခြင်း။<br>(ဥပမာ - ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့် နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်ရာတွင်) | ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်၊ ကျား/မတန်းတူ ညီမျှရေး လုပ်ငန်း အဖွဲ့၊ နိုင်ငံရေးပါတီများ | ၁။ ပြင်ဆင်သည့် **Code of Conduct**<br>၂။ တွေ့ဆုံညှိနှိုင်းသည့် အရေအတွက် | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဖွန် |

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| | | ၉.၄.၂ | Code of Conduct များ၊ ညွှန်ကြားချက်များ ကို အမျိုးသမီးများနှင့် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်လောင်းများ ပိုမိုသိရှိလိုက်နာကျင့်သုံးနိုင်စေရန် သင်တန်းများတွင်ထည့်သွင်းပို့ချခြင်း၊ ဆွေးနွေးပေးခြင်း။ | ကော်မရှင်၊ ကျား/မတန်းတူ ညီမျှရေး လုပ်ငန်းအဖွဲ့၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ | ၁။ သင်တန်း/ ဆွေးနွေးပွဲ အရေအတွက်<br>၂။ ဆွေးနွေးပွဲတွင် ပါဝင် သည့် အမျိုးသမီး ရာခိုင်နှုန်း | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဇွန် |

**မဟာဗျူဟာစီမံကိန်း (၁၀)**

**ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်း**



**မဟာဗျူဟာစီမံကိန်း (၁၁)**

**စဉ်ဆက်မပြတ်လေ့လာစောင့်ကြည့်ခြင်း၊ စိစစ်သုံးသပ်ခြင်းနှင့် စီမံကိန်းရေးဆွဲခြင်း**



## ကျား/မတန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍ မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းအစီအစဉ်

အခန်း ၁၀။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်း လုပ်ငန်းအစီအစဉ်များ

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| ၁၀.၁ | ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းနှင့်စပ်လျဉ်းသော လုပ်ငန်းများတွင် ကျား/မ တန်းတူညီမျှစွာပါဝင်ရေးအတွက် ကဏ္ဍစုံမှပါဝင်ပတ်သက်သူများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း။ (ဥပမာ – ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ တွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေခြင်း) | ၁၀.၁.၁ | ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာ – ခြင်းနှင့် စပ်လျဉ်းသော လုပ်ငန်းများတွင် ကျား/မ တန်းတူ ညီမျှစွာ ပါဝင်လာရေးအတွက် နိုင်ငံတကာ/ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် ညှိနှိုင်းပူး ပေါင်း ဆောင်ရွက်ခြင်း။ | ကော်မရှင်၊ ပါဝင်ပတ်သက်သူများ၊ စောင့်ကြည့်လေ့လာသည့်အဖွဲ့အစည်းများ | ၁။ နိုင်ငံတကာ/ ပြည်တွင်း ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များတွင် ပါရှိသော အမျိုးသမီး အရေအတွက်<br>၂။ ညှိနှိုင်းဆွေးနွေးပွဲအရေအတွက် | ၂၀၁၉ ဇန်နဝါရီ – ၂၀၂၀ ဇွန် |
| ၁၀.၂ | ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးဆိုင်ရာလုပ်ငန်းများတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရေးအတွက် အသိပညာပေးခြင်း။ | ၁၀.၂.၁ | ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး အဖွဲ့များ၌ ကျား/မ တန်းတူညီမျှစွာ ပါဝင်ရေး နှင့် အမျိုးသမီးများ ပိုမိုပါဝင် လာစေရေး အသိပညာပေးရန်။ | ကော်မရှင်၊ ပါဝင်ပတ်သက်သူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ | ၁။ အသိပညာပေး အထောက်အကူပြုပစ္စည်း အရေအတွက်<br>၂။ အသိပညာပေး ဆွေးနွေးပွဲ အရေအတွက်<br>၃။ ဆွေးနွေးပွဲ တွင် တက်ရောက်သော အမျိုးသမီး ရာခိုင်နှုန်း | ၂၀၁၉ ဇန်နဝါရီ – ၂၀၂၀ ဇွန် |

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| | | ၁၀.၂.၂ | ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာသူ များအား သင်တန်းပို့ချရာတွင် အမျိုးသမီးများပိုမိုပါဝင်လာစေရေး ဆောင်ရွက်ရန်။ | စောင့်ကြည့် လေ့လာသည့်အဖွဲ့ အစည်းများ၊ အစိုးရ မဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ | ၁။ အမျိုးသမီး သင်တန်းသူ ရာခိုင်နှုန်း | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဇွန် |
| | | ၁၀.၂.၃ | ရွေးကောက်ပွဲစောင့်ကြည့် လေ့လာရေးတွင် ကျားမတန်းတူညီမျှစွာ ပါဝင်ရေး နှင့် စပ်လျဉ်း၍ ကာတွန်း၊ ဗီဒီယိုပညာပေးအစီအစဉ်များ ထုတ်လုပ်၍ ရုပ်သံလိုင်းများမှ တစ်ဆင့် အသိပညာပေးခြင်း။ | ကော်မရှင်၊ ပါဝင်ပတ်သက်သူ များ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ | ၁။ ထွက်ရှိသည့် ကာ တွန်း၊ ဗီဒီယို အမျိုး အစား/ အရေအတွက်<br>၂။ ရုပ်သံလိုင်းများတွင် ထုတ်လွှင့်ပြသသော အကြိမ်အရေအတွက် | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဇွန် |
| | | ၁၀.၂.၄ | ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး နှင့် စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ခွဲ များနှင့် မဲရုံဝန် ထမ်းများအား သင်တန်းပို့ချရာ တွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရေး ဆောင်ရွက်ရန်။ | ကော်မရှင် | ၁။ အမျိုးသမီး သင်တန်းသူ ရာခိုင်နှုန်း | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဇွန် |

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| ၁၀.၃ | ။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး လုပ်ထုံးလုပ်နည်းများ၊ ကျင့်ဝတ်များတွင် ကျား/မတန်းတူညီမျှမှုရှိစေရေးကို ထည့်သွင်းစဉ်းစားခြင်း။ | ၁၀.၃.၁ | ကျား/မတန်းတူညီမျှစွာ ပါဝင်ရေး နှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲ စောင့်ကြည့်လေ့ လာရေး လုပ်ထုံး လုပ်နည်းများ၊ ကျင့်ဝတ်များတွင် ထည့်သွင်းရေးဆွဲခြင်း | ကော်မရှင် | ၁။ အမျိုးသားနှင့် အမျိုး သမီး တန်းတူညီမျှမှု ရှိသော လုပ်ထုံးလုပ်နည်းများ၊ ကျင့်ဝတ်များ | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၀ ဇွန် |

## ကျား/မတန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍ မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းအစီအစဉ်

အခန်း ၁၁။ စဉ်ဆက်မပြတ်လေ့လာစောင့်ကြည့်ခြင်း၊ စိစစ်သုံးသပ်ခြင်းနှင့် စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းအစီအစဉ်များ

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | | လုပ်ငန်းစဉ်အဆင့်ဆင့် | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| ၁၁.၁ | မဟာဗျူဟာအစီအစဉ်အကောင်အထည်ဖော်မှုများ၌ ကျား/မတန်းတူညီမျှရေးကို ထည့်သွင်း ဆောင်ရွက်မှုအား စောင့်ကြည့်လေ့လာ သုံးသပ်ခြင်း။ | ၁၁.၁.၁ | မဟာဗျူဟာအစီအစဉ်အကောင်အထည် ဖော်မှုများ၌ ကျား/မတန်းတူညီမျှရေးကို ထည့်သွင်း ဆောင်ရွက်မှုအား စောင့်ကြည့်လေ့လာသုံးသပ်ခြင်းနှင့် တွေ့ရှိချက်များအား မဟာဗျူဟာ အခန်း(၁၁)ပါ စောင့်ကြည့်ရေးနှင့် စိစစ်သုံးသပ်ရေးအဖွဲ့နှင့် ချိတ်ဆက်ညှိနှိုင်း၍ ကော်မရှင်သို့ အစီရင်ခံ တင်ပြခြင်း။ | ကော်မရှင်၊ စောင့်ကြည့်ရေးနှင့် စိစစ်သုံးသပ်ရေးအဖွဲ့၊ ကော်မရှင်၏ ကျား/မတန်းတူညီမျှရေး လုပ်ငန်းအဖွဲ့၊ | ၁။ စိစစ်လေ့လာသုံးသပ်မှုမှ တွေ့ရှိသော တိုးတက်မှုများ အစီရင်ခံစာကို ၂၀၁၈ မှ ၂၀၂၀ ခုနှစ် တွင် (၃) လ တစ်ကြိမ်နှင့် ၂၀၂၁ ခုနှစ် တွင် (၆) လ တစ်ကြိမ် အစီရင်ခံခြင်း။ | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၂ ဒီဇင်ဘာ |
| ၁၁.၂ | ကျား/မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍ မြှင့်တင်ရေးဆိုင်ရာ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်မှုများကို စောင့်ကြည့်လေ့လာသုံးသပ်ခြင်း။ | ၁၁.၂.၁ | ကျား/မ တန်းတူညီမျှရေးနှင့် အမျိုးသမီး များကဏ္ဍ မြှင့်တင်ရေးဆိုင်ရာ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်များအား အကောင် အထည်ဖော်ဆောင်ရွက်မှုများကို စောင့်ကြည့်လေ့လာသုံးသပ်ခြင်းနှင့် တွေ့ရှိချက်များအား မဟာဗျူဟာ အခန်း(၁၁)ပါ စောင့်ကြည့်ရေးနှင့် စိစစ်သုံးသပ်ရေးအဖွဲ့နှင့် ချိတ်ဆက်ညှိနှိုင်း၍ ကော်မရှင်သို့ အစီရင်ခံ တင်ပြခြင်း။ | ကော်မရှင်၊ စောင့်ကြည့်ရေးနှင့် စိစစ်သုံးသပ်ရေးအဖွဲ့၊ ကျား/မတန်းတူညီမျှရေး လုပ်ငန်းအဖွဲ့များ၊ | ၁။ ကော်မရှင်အဖွဲ့ခွဲများ၏ ကျား/မ တန်းတူညီမျှရေး လုပ်ငန်းအဖွဲ့များမှ လုပ်ငန်းအကောင်အထည် ဖော်ဆောင်ရွက်မှုများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကျား/မ တန်းတူညီမျှရေး လုပ်ငန်းအဖွဲ့သို့ သတင်းပေးပို့ခြင်း။ (၃ လ တစ်ကြိမ် / ၆ လ တစ်ကြိမ်)<br>၂။ စိစစ်လေ့လာသုံးသပ်မှုမှ တွေ့ရှိသော တိုးတက်မှုများ အစီရင်ခံစာကို ၂၀၁၈ မှ ၂၀၂၀ ခုနှစ် တွင် (၃) လ တစ်ကြိမ်နှင့် ၂၀၂၁ ခုနှစ် တွင် (၆) လ တစ်ကြိမ် အစီရင်ခံခြင်း။ | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၂ ဒီဇင်ဘာ |


| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| ၁၁.၃ | ကဏ္ဍစုံမှပါဝင်ပတ်သက်သူများ၏ ရွေးကောက်ပွဲဆိုင်ရာအစီရင်ခံစာများ တွင် ပါရှိသည့် အမျိုးသမီးများနှင့် သက်ဆိုင်သည့် အကြံပြုချက်များကို ကော်မရှင်မှ သိရှိအကောင်အထည်ဖော် နိုင်ရေးအတွက် ကောက်နုတ်စုစည်း တင်ပြခြင်း။ | ၁၁.၃.၁ | ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများထံမှ တုံ့ပြန်အကြံပြုချက်များကို အစည်းအဝေးများ၊ စစ်တမ်းများ၊ အစီရင်ခံစာများမှ တဆင့်ရယူခြင်း။ | ကော်မရှင်၊ စောင့်ကြည့်ရေး နှင့် စိစစ်သုံးသပ် ရေးအဖွဲ့၊ ကော်မရှင်၏ ကျား/မတန်းတူ ညီမျှရေး လုပ်ငန်း အဖွဲ့၊ | ၁။ ကဏ္ဍစုံမှ ပါဝင်ပါသက်သူများနှင့်ပြုလုပ်ပြီးစီး သော အစည်းအဝေးများ<br>၂။ ကျား/မ တန်းတူညီမျှရေး ဆိုင်ရာ အစည်းအဝေး / ဆွေးနွေးပွဲများ (ဥပမာ - **gender roundtable, gender conferences**)<br>၃။ အကြံပြုချက်များကို စုစည်းတင်ပြသော အစီရင်ခံစာများ၊ အားသာချက်၊ အားနည်းချက် များ ကို သုံးသပ်ဆွေးနွေးခြင်း၊ | ရွေးကောက်ပွဲ နောင်းပိုင်း ပြန်လည် သုံးသပ် ခြင်းပြုလုပ် နေချိန် မှအပ (၃) လ တစ်ကြိမ် |
| ၁၁.၄ | ရွေးကောက်ပွဲများနှင့် နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်နိုင်ရေးနှင့်စပ်လျဥ်း သော အားနည်းချက် / အားသာချက်များ ကို စောင့်ကြည့်လေ့လာသုံးသပ်ခြင်း၊ နိုင်ငံတကာနှင့် နှိုင်းယှဉ်လေ့လာသုံးသပ် ခြင်း။ | ၁၁.၄.၁ | ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် နှင့် ကော်မရှင် အဖွဲ့ခွဲများ တွင် ဆုံးဖြတ် ချက် ချမှတ်သော ရာထူးအဆင့် များ အပါအဝင် ဖွဲ့စည်းမှု အဆင့်ဆင့်တိုင်း၌ အားလုံး ပါဝင် ဆောင်ရွက်နိုင်မှုနှင့် ကျား/မ တန်းတူ ညီမျှမှုကို ဆန်းစစ် လေ့လာခြင်း။ | ကော်မရှင်၊ ကျား/မတန်းတူ ညီမျှရေး လုပ်ငန်း အဖွဲ့ | ၁။ ဆုံးဖြတ် ချက် ချမှတ်သော ရာထူးအဆင့် များ အပါအဝင် ဖွဲ့စည်းမှု အဆင့်ဆင့်တိုင်း၌ ပါဝင်သော အမျိုးသမီး အရေအတွက်၊ တိုင်းရင်းသား အရေအတွက်၊ မသန်စွမ်းသူ အရေ အတွက် | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၁ ဖွန် |

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| | | ၁၁.၄.၂ | ကိုယ်စားလှယ်လောင်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များတွင် အမျိုးသမီးများ ပါဝင်မှုကို ဆန်းစစ်လေ့လာခြင်း | ကော်မရှင်၊ ကျား/မတန်းတူ ညီမျှရေး လုပ်ငန်းအဖွဲ့ | ၁။ အမျိုးသမီး ကိုယ်စားလှယ် လောင်းများနှင့် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များ အရေအတွက် | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၁ ဖွန် |
| | | ၁၁.၄.၃ | နိုင်ငံတကာနိုင်းယှဉ်သုံးသပ်ချက်များအား သုံးသပ်ဆွေးနွေးခြင်း | ကော်မရှင်၊ ကျား/မတန်းတူ ညီမျှရေး လုပ်ငန်းအဖွဲ့၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ | ၁။ အကြံပြုသုံးသပ်ချက် အစီရင်ခံစာများနှင့် နိုင်းယှဉ်သုံးသပ်ချက်များပြုလုပ်သည့် အကြိမ် အရေအတွက် | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၂ ဒီဇင်ဘာ |
| ၁၁.၅ | ရွေးကောက်ပွဲနောင်းပိုင်းပြန်လည်သုံးသပ်ဆွေးနွေးရာတွင် ကျား/မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ ပါဝင်မှုမြှင့်တင်ရေးကို ထည့်သွင်းဆွေးနွေးစေခြင်းနှင့် ရရှိလာသောအကြံပြုချက်များကို ကျား/မ တန်းတူညီမျှရေး မူဝါဒနှင့် မဟာဗျူဟာအသစ် ရေးဆွဲရာတွင် ဖြည့်စွက်ထည့်သွင်းခြင်း။ | ၁၁.၅.၁ | ရွေးကောက်ပွဲနောင်းပိုင်းပြန်လှန်သုံးသပ်ပွဲများကို -<br>(က) ကော်မရှင်နှင့် အဖွဲ့ခွဲ အဆင့်ဆင့်မှ ဝန်ထမ်းများအားလုံး နှင့် ပြုလုပ်ခြင်း<br>(ခ) ကဏ္ဍစုံမှပါဝင်ပတ်သက်သူများ (လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများစသည်)နှင့် ပြုလုပ်ပြီးအကြံပြုချက်များ ရယူခြင်း၊ | ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း များ၊ နိုင်ငံရေး ပါတီများ၊ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူများ | ၁။ ရွေးကောက်ပွဲနောင်းပိုင်း ပြန်လည်သုံးသပ်ဆွေးနွေး ပွဲများ ကျင်းပသည့် အကြိမ် အရေအတွက်<br>၂။ ရွေးကောက်ပွဲအပြီး အကဲဖြတ်သုံးသပ်ချက်များနှင့်အကြံပြုထောက်ခံချက်များပါဝင်သော အနှစ်ချုပ်အစီရင်ခံစာ အရေအတွက် (၁) စောင် | ၂၀၁၉ ဇန်နဝါရီ - ၂၀၂၂ ဒီဇင်ဘာ |

| စဉ် | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသော ညွှန်းကိန်းများ | ပြီးစီးရမည့် အချိန် |
|---|---|---|---|---|---|---|
| | | ၁၁.၅.၂ | ရွေးကောက်ပွဲနောင်းပိုင်း ပြန်လည်သုံးသပ်ဆွေးနွေးပွဲများမှရရှိသည့် အကြံပြုချက်များ၊ အစီရင်ခံစာများနှင့် နိုင်ငံတကာအတွေ့အကြုံများ အပေါ်အခြေခံသုံးသပ်၍ မဟာဗျူဟာ စီမံကိန်း အသစ်တွင်လိုအပ်သလို ထည့်သွင်း ပြုစုခြင်း၊ | ကော်မရှင်၊ ကျား/မတန်းတူ ညီမျှရေး လုပ်ငန်း အဖွဲ့၊ စောင့်ကြည့်ရေး နှင့် စိစစ်သုံးသပ် ရေးအဖွဲ့ | ၁။ မဟာဗျူဟာစီမံကိန်း ရေးဆွဲရေး ကော်မတီ အသစ် ထံ တင်ပြမည့် အကြံပြု ချက်များ | ၂၀၂၂ ဇန်နဝါရီ – ဇွန် |
| | | ၁၁.၅.၃ | ရွေးကောက်ပွဲနောင်းပိုင်း ပြန်လည်သုံးသပ်ဆွေးနွေးပွဲများ၊ ကျား/မ တန်းတူညီမျှ ရေးဆိုင်ရာ ဆွေးနွေးပွဲများ မှရရှိသည့် အကြံပြုချက်များ၊ အစီရင်ခံစာများနှင့် နိုင်ငံတကာ အတွေ့အကြုံများ အပေါ်အခြေခံ သုံးသပ်၍ ကျား/မ တန်းတူညီ မျှရေး နှင့် အမျိုးသမီးများကဏ္ဍ မြှင့်တင်ရေး ဆိုင်ရာမူဝါဒ တွင်လိုအပ်သလို ထည့်သွင်း ပြုစုခြင်း၊ | ကော်မရှင်၊ ကျား/မတန်းတူ ညီမျှရေး လုပ်ငန်း အဖွဲ့ | ၁။ ကျား/မ တန်းတူညီမျှရေး နှင့် အမျိုးသမီးများ ကဏ္ဍမြှင့်တင်ရေးဆိုင်ရာမူဝါဒအတွက်ထည့်သွင်း စဉ်းစားမည့်အကြံပြုချက်များ | ၂၀၁၉ ဇန်နဝါရီ – ၂၀၂၂ ဒီဇင်ဘာ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဤမူဝါဒကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ကျား/မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍ မြှင့်တင်ရေးလုပ်ငန်းစဉ်ကို မဟာဗျူဟာစီမံကိန်းပါ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနှင့် အညီ ပြုစုရေးဆွဲခဲ့ပါသည်။

ကျား/မတန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍမြှင့်တင်ရေး လုပ်ငန်းအစီအစဉ်တွင်မဟာဗျူဟာစီမံကိန်း အခန်းတိုင်းတွင် ဖော်ပြထားသည့်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ လုပ်ငန်းစွမ်းဆောင်ရည်ပြည့်နှင်းကိန်းများ အပါအဝင် လုပ်ငန်းပြီးစီးရမည့် အချိန်ကာလနှင့် အကောင်အထည်ဖော်ရန် တာဝန်ရှိသူများကိုလည်း ဖော်ပြထားပါသည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်